# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက် ၊ သောကြာနေ့ ၊ (17-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# NCA ၁၀ နှစ်ပြည့်မှ ထာဝရငြိမ်းချမ်းရေးဆီသို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)"ကို ချုပ်ဆိုခြင်း ၁၀ နှစ်ပြည့်မြောက်သည့်နေ့ကို အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပခဲ့သည်။

**"NCA ရဲ့အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနဲ့ တရားမျှတမှုတို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ပူးပေါင်းပါဝင်လာကြဖို့လိုပါတယ်"**ဟူ၍ "အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်သော NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

NCA စာချုပ်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဟုဆိုသော်လည်း အနှစ်သာရအားဖြင့် ပိုမိုနက်ရှိုင်းကျယ်ပြန့်လှသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ NCA စာချုပ်ပါအတိုင်း မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် ဆောင်ရွက်နေမှုများအပေါ် ပြည်သူလူထုက သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

လက်ရှိကာလတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ရန်မှာ ပြည်သူလူထု၏ဆန္ဒပင်ဖြစ်သည်။ NCA တွင် အချိန်စောစီးစွာဖြင့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက စောစီးစွာအကောင်အထည်ဖော်နိုင်နေမည်ဖြစ်သည်။ ထို့ကြောင့် ရသည့်အချိန်အတွင်း ဥပဒေပြင်ဆင်ရေးအတွက် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကာ သက်ဆိုင်သူပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ကြည့်၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခမှရုန်းထွက်ကာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ရောက်ရှိရန် အရေးကြီးသည့်အချိန်အခါဖြစ်သည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်လျှောက်လှမ်းကြရာတွင် အဓိကမောင်းနှင်အားတစ်ခုမှာ NCA စာချုပ်ဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ကျရောက်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း ၁၀ နှစ်ပြည့်မှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၇၂
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၀ တင်းကျော်ထွက်ရှိ



**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၁၆၆၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ နှမ်း ၁၁၆၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ငါးတန်ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ငါးတန်ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန် ပစ္စည်းတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ရန်ကုန်ဘက်က ပြီးခဲ့တဲ့တစ်လအတွင်းကော အခုလက်ရှိပါ ရေထွက်ကုန်တွေမှာယူတာများနေပါတယ်။ ငါးတန်က ပြည်တွင်း ဈေးကွက်မှာကို အရောင်းအဝယ် ကောင်းနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ငါးမွေးမြူသူများ၊ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်တလင်းမြို့နယ် အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများပြီးစီးမှု စစ်ဆေး

**နတ်တလင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူဖော်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့်ဝန်ထမ်းများက အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူဖော်ခြင်းလုပ်ငန်း၊ ဂါလံ ၂၄၀၀ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အုတ်တွင်းကုန်းကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လဒုတိယပတ်မှ စတင်တာဝန်ယူ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်တော်သည့် နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစိန်မြင့်-ဒေါ်စန်းကြူမိသားစုတို့က ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်အပါး ၁၀၀ အတွက် ငွေကျပ် ၅၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၄၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၄၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၄၈ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလပထမပတ်မှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေပဲများ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့က တောင်သူတွေဟာ စပါးအပြင် ဆီထွက်သီးနှံတွေကိုလဲ စိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၃၆၄၈ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ မြေပဲတွေကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ။ ဒီနှစ် မြေပဲအပါအဝင် ဆောင်းသီးနှံတွေ စိုက်ပျိုးနိုင်ဖို့ကိုလဲ ဒေသခံတောင်သူတွေနဲ့စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမှာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံမြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံမြေပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် မြင်းသည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းသည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေ တိုးပွားလာစေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြင်းသည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇၈ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး

**ကန့်ဘလူ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့်ဖူးစားပြောင်း ၅၃၃ ဧက စုစုပေါင်း ၈၉၄၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧက တစ်ဧကလျှင် ၅၇ ဒသမ ၁၃ တင်းနှင့် ဖူးစားပြောင်း ၅၃၃ ဧက တစ်ဧကလျှင် ပြောင်းဖူးရေ ၁၈၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၉၄၆၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)



# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၃၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ

မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့သော သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် ရန်ကုန်မြို့၌ ကျင်းပရန်စီစဉ်နေကြလေပြီ။

နှစ်စဉ်ကျရောက်လေ့ရှိသော နတ်တော်လဆန်း ၁ ရက်ကို "အမျိုးသားစာဆိုတော်နေ့"အဖြစ် ၁၃၀၆ ခုနှစ်မှ စတင်သတ်မှတ်၍ စာပွဲသဘင်များ ဆင်ယင်ကျင်းပလာခဲ့ရာ ယခု ၁၃၈၇ ခုနှစ်တွင် ၈၁ နှစ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ရှေးမြန်မာမင်းများလက်ထက်ကပင် နတ်တော်လရောက်တိုင်း ထူးချွန်ထက်မြက်ကြသော စာဆိုတော်ကြီးများကို ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ဂုဏ်ပြုအမွှမ်းတင်ခဲ့ကြသည်။ စာပေသည် အမျိုးသားယဉ်ကျေးမှုအမွေဖြစ်သဖြင့် အမျိုးသားယဉ်ကျေးမှုအမွေ စာပေကို ပြုစုရေးသား၊ လက်ဆင့်ကမ်းခဲ့ကြသော စာပေပညာရှင်ကြီးများကို စာဆိုတော်နေ့တိုင်းတွင် အမြဲတမ်းဂုဏ်ပြုချီးမြှင့်ခဲ့ကြပါသည်။

စာဆိုတော်နေ့ဝန်းကျင်တွင် ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ စိမ်းလန်းရွှေပြည်စာပေဆု၊ ရွှေအမြုတေစာပေဆုများအပြင် ဓမ္မစာပေဆုများ၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၏ အထိမ်းအမှတ်စာပေဆုများ၊ ဂျပန်ရှုန်တီကလေးစာပေဆုများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

မြန်မာစာပေလောကသားတို့၏**"စာဆိုတော်နေ့"** သည် သုတရသစာပေရေးရာ အဖြာဖြာရေးသားခဲ့ကြသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီး၊ စာပေပညာရှင်ကြီးများ အမြတ်တနိုးတန်ဖိုးထား ဂုဏ်ယူနေကြရသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။

စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေသည် အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီးငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ် အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ မော်ကွန်းတင်ရာ **"စာဆိုတော်နေ့"** ကိုကား စာပေပညာရှင်စစ်စစ်စာပေလောကသားတိုင်းက လေးစားဂုဏ်ပြုနေကြသည်။

ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက စာပေတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ကြသော**"နှလုံးရည် တပ်သားသူရဲကောင်းသက်ကြီးစာပေပညာရှင်ကြီးများ"** ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် ၃၈ ကြိမ်မြောက် ပူဇော်ကန်တော့ပွဲဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် (၃၄) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကျင်းပခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် မလွဲရှောင်သာဘဲ နှစ်နှစ်ရပ်နားနေခဲ့ရသည်။

ပထမအကြိမ် စတင်ပူဇော်ကန်တော့ခဲ့သည့်အဖွဲ့က **"မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး"** ဖြစ်သည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ ဦးဆောင်သူ၊ ရှေးဦးပြုစုပျိုးထောင်သူမှာ **"ဆရာကြီးမင်းသုဝဏ်"**ဖြစ်သည်။ ဆရာကြီး ဦးဝန်(မင်းသုဝဏ်) ဥက္ကဋ္ဌ၊ ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး) အတွင်းရေးမှူးအဖြစ် ပါဝင်သော **"စာပေလုပ်သားအဖွဲ့ဖြစ်မြောက်ရေးကော်မတီ"**သည် (၁-၁၂-၁၉၆၆) ရက်မှ (၃၁-၅-၁၉၇၆)ရက်ထိ ၁၀ နှစ်ကျော် လှုပ်ရှားကြိုးစားခဲ့ကြသည်။ ထို့နောက် "စာပေလုပ်သားအဖွဲ့စည်းရုံးရေးကော်မတီ"ကို (၁-၆-၁၉၇၆)ရက်တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် "မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့" ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်းတွင် "စာပေလုပ်သားအဖွဲ့"အစား "စာပေနှင့်စာနယ်ဇင်းအဖွဲ့" ဟူ၍ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ခေတ်စနစ်နှင့်အညီ "မြန်မာနိုင်ငံ စာရေးဆရာအသင်း"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ပြောင်းလဲဖွဲ့စည်းခဲ့ကြရာတွင် စာပေလုပ်သားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို အခြေခံကာ ခေတ်စနစ်နှင့်အညီ ပြင်ဆင်ဖြည့်ဆည်းခဲ့ကြပြီးမှ အမည်နာမပြောင်းလဲသတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ တကယ်တော့ မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ အစမြစ်ဖျားခံရာသည် "မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီး"ဖြစ်သည်။ တစ်နည်းအားဖြင့် "ဆရာကြီးမင်းသုဝဏ် ပျိုးထောင်ပေးခဲ့သော စာပေလုပ်သားအဖွဲ့ကြီး၏ မျိုးဆက်သစ် မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး" ၏ သက်တမ်းမှာ ၅၉ နှစ်ခန့် ရှည်ကြာခဲ့လေပြီ။

သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ခြောက်နှစ်တိတိ မကျင်းပနိုင်ခဲ့ဘဲ စာပေလုပ်သားများကို စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအဖြစ်သို့ ပြန်လည်စုစည်းရေးကိုသာ အလေးထားဆောင်ရွက်ခဲ့ကြရသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခါစ ၁၉၉၄ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့နိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးရှိ အဖွဲ့ဝင် သက်ကြီးစာပေပညာရှင်ကြီးများနှင့် ထင်ရှားကျော်ကြားသော သက်ကြီးစာပေပညာရှင်ကြီးများကို ပူဇော်ကန်တော့ခဲ့ရာ ယနေ့ထိ နှစ်စဉ်မပျက် ဆက်တိုက်ဦးခိုက် ပူဇော်ကန်တော့လျက်ပင်ရှိသည်။

သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲစတင်

**❖ စာရေးဆရာ၊ သတင်းစာဆရာ၊ အယ်ဒီတာချုပ်နှင့် အယ်ဒီတာစစ်စစ်ဖြစ်နိုင်ခြေသည် အလွန်ပင်ရှားပါးခက်ခဲလှပေရာ စာရေးဆရာကြီးငယ်အပါအဝင် စာပေလောကသားအားလုံးကို အလေးအမြတ် အသိအမှတ်ထား ဂုဏ်ပြုအမွှမ်းတင်ရာ မော်ကွန်းတင်ရာ "စာဆိုတော်နေ့" ကိုကား စာပေပညာရှင်စစ်စစ် စာပေလောကသားတိုင်းက လေးစားဂုဏ်ပြုနေကြသည်။ ဤသည်ကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးက စာပေတာဝန်များကို ကျေပွန်စွာထမ်းရွက်ခဲ့ကြသော"နှလုံးရည်တပ်သားသူရဲကောင်းသက်ကြီးစာပေပညာရှင်ကြီးများ" ကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာ ယခုနှစ်သည် ၃၈ ကြိမ်မြောက် ပူဇော်ကန်တော့ပွဲဖြစ်သည်။ ❖**

ဤနေရာတွင် "မြန်မာနိုင်ငံစာရေးဆရာအသင်း' သက်တမ်း"ကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်ကြည့်ပါက လွတ်လပ်ရေးမရသေးမီ နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချိုဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော "မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"(ပထမပိုင်း) (၁၉၆၆မှ ၂၀၂၅) ထိ နှစ်ပေါင်း ၅၉ နှစ် စုစုပေါင်း ၈၁ နှစ်သက်တမ်းစိန်ရတုခရီးကို ကျော်လွန်လာခဲ့သည်ထိ ရှင်သန်ရပ်တည် ရှည်ကြာလာခဲ့လေပြီ။ သမိုင်းအစဉ်အလာသည်လည်း ကောင်းသည်ထက် ကောင်းမွန်လာခဲ့လေပြီ။

မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီး၏ အစဉ်အလာကောင်းများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးက ဆက်လက်ထိန်းကျောင်းသည့်အနေဖြင့် အသက် "၈၀ နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများပူဇော်ကန်တော့ပွဲ"ကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပနေခဲ့သည်။ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ကြီးက ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးစာပေပညာရှင်ကြီးများကိုသာ ပူဇော်ကန်တော့ခဲ့ရာ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်ထိ ရှစ်ကြိမ်တိတိ ပူဇော်ကန်တော့ခဲ့သည်။

ထိုသို့ ပူဇော်ကန်တော့နေခဲ့ရာမှ ၁၉၈၈ ခုနှစ် အရေးအခင်းကြောင့် ရပ်တန့်သွားခဲ့ရသည်။ မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကြီးကိုလည်း ခေတ်စနစ်နှင့် လျော်ညီစွာ "မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး"အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ရသည်။ ထို့ကြောင့်

ခါစက ၁၀ ဦးသာရှိခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ် တိုးပွားများပြားလာခဲ့ရာ ၁၉၉၉ ခုနှစ်တွင် ၁၀၈ ဦးထိ ရှိလာခဲ့သည်။ နှစ်စဉ် ဦးရေ ၂၀ ကျော် တိုးပွားလာခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ဦးရေ ၃၀ ကျော်ထိ တိုးပွားလာခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများ ဦးရေ ၂၀၀ ထိ ရှိလာသည်။ ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးများထဲမှ နှစ်စဉ်ဦးရေ၂၀ခန့် ကွယ်လွန်သွားကြသော်လည်း အသက် ၈၀ ထဲ ဝင်ရောက်လာကြသူများက ဦးရေ ၂၀ ကျော်ရှိနေခဲ့သည်။ ၂၀၁၆ ခုနှစ်က ၁၈ ဦးကွယ်လွန်သွားခဲ့ကြပြီး ၃၄ ဦးတိုးလာခဲ့သည်။ ၂၀၁၇ ခုနှစ် ၁၃ ဦးကွယ်လွန်သွားခဲ့ပြီး ၂၇ ဦးတိုးလာခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ၂၄ ဦးကွယ်လွန်ခဲ့ကြပြီး ၅၃ ဦး တိုးလာခဲ့ရာ သက်ကြီးကန်တော့ခံ ၂၄၅ ဦးထိ ရှိလာခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ၁၃ ဦးကွယ်လွန်သွားခဲ့ကြပြီး ၄၆ ဦး တိုးလာခဲ့ရာ ကန်တော့ခံစာပေပညာရှင်ကြီး ၂၇၆ ဦးထိ ရှိလာခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် နှစ်နှစ်နှင့် ၂၀၂၂ ခုနှစ် အတွင်းတွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီး ၉၄ ဦး ကွယ်လွန်သွားခဲ့ကြသည်။ ၂၀၂၂ ခုနှစ်တွင် ကန်တော့ခံသက်ကြီးစာပေပညာရှင် ၂၄၆ ဦးခန့်ရှိခဲ့သည်။၂၀၂၃ ခုနှစ်တွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ၂၇၆ ဦးခန့်ရှိခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် သက်ကြီးစာပေပညာရှင်ဦးရေ၃၀ ကွန်လွန်သွားခဲ့ပြီး သုံးဦးကင်းကွာနေခဲ့သည်။ အသစ် ၃၃ ဦး တိုးပွားလာသဖြင့် ကန်တော့ခံ ၂၇၆ ဦးရှိခဲ့သည်။ ယခု ၂၀၂၅ ခုနှစ်တွင် ၁၈ ဦးကွယ်လွန်သွားခဲ့ပြီး ဦးရေ၃၀ တိုးပွားလာသဖြင့် ကန်တော့ခံ ၂၈၈ ဦးရှိနေသည်။

ယခုနှစ်ကန်တော့ခံကြမည့်သက်ကြီးစာပေပညာရှင်ကြီးများထဲတွင် အသက်အကြီးဆုံး ကန်တော့ခံစာပေပညာရှင်ကြီးမှာ အမျိုးသားစာပေ တစ်သက်တာစာပေဆုရ အလင်္ကာကျော်စွာ ဦးလေးမြိုင် (လေးမြိုင်) ၁၀၂ နှစ်ဖြစ်ပြီး သက်ကြီးသတင်းစာဆရာကြီးမှာ ဦးဆိုက်ကျင် ၁၀၆ နှစ်ဖြစ်သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် သက်ကြီး စာပေပညာရှင်ကြီးများကို အစဉ်အလာမပျက် နှစ်စဉ်ဆက်လက် ပူဇော်ကန်တော့နေရာ၌ အသင်းကြီးမှာ ရန်ပုံငွေ (တစ်နည်းအားဖြင့်) ဘဏ္ဍာငွေ တောင့်တင်းနေသောကြောင့် မဟုတ်ပါ။သက်ကြီးစာပေပညာရှင်ကြီးများသည် နိုင်ငံနှင့်လူမျိုးအကျိုးကို တတ်ကျွမ်းသည့် စာပေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နှလုံးရည်တပ်သားကောင်းများဖြစ်ခဲ့ကြသည့်အပြင် ဂုဏ်နှင့်အသက်အရွယ်အားဖြင့် ကြီးမြတ်သူများအဖြစ် ရည်မျှော်ကော်ရော်ကာ ပူဇော်ကန်တော့နေကြခြင်းဖြစ်သည်။

စီးပွားရေးအသင်းအဖွဲ့ မဟုတ်သောကြောင့် ဘဏ္ဍာငွေအင်အား နည်းနေသည်ဖြစ်ရာ ပူဇော်ကန်တော့ရန်အတွက် ငွေသားအလှူရှင်များနှင့် ပစ္စည်းအလှူရှင်များထံမှနှစ်စဉ်မေတ္တာရပ်ခံပြီး ဖြည့်ဆည်းကန်တော့နေကြရသည်။ နိုင်ငံတော်၏အမြင့်ဆုံးအဆင့်မှသည် ဝန်ကြီးဌာနများ၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ ပုဂ္ဂလိကစာပေဆုချီးမြှင့်ရေးကော်မတီများ၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း၊ သတင်းမီဒီယာကောင်စီ၊ ညီနောင်အသင်းအဖွဲ့များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ ကုမ္ပဏီများ၊ စာပေတိုက်များ၊ တစ်ဦးချင်းစေတနာရှင်များ၏ လှူဒါန်းငွေများ၊ လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့နေခဲ့ရာ၌ စာရေးဆရာအသင်းက လိုအပ်ငွေ လေးပုံတစ်ပုံခန့်ကို နှစ်စဉ်စိုက်ထုတ် သုံးစွဲကုန်ကျနေခဲ့သည်။

စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေကို အခြေခံပြီး စာရေးဆရာအသင်းက ဖြည့်ဆည်းနိုင်သည့် ငွေပမာဏကိုတွက်ဆကာ ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများကို ထိုက်သင့်အားလျော်စွာ ကန်တော့နိုင်ရန် စီမံခဲ့ကြရသည်။ ထို့ကြောင့် အသက် ၈၀ နှစ်နှင့်အထက် အသင်းဝင်တိုင်းကို စေတနာထားကာ ပူဇော်ကန်တော့ချင်ပါသော်လည်း ဝန်နှင့်အားကမမျှသောကြောင့် အားမသန်၍ မာန်လျှော့ခဲ့ကြရသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းက သက်ကြီးစာပေပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့နေခဲ့ရာတွင် "သက်ကြီးစာပေပညာရှင်များဟူသော စာပေစံ အခြေခံမူများ"ကို သတ်မှတ်ကာ စာပေအစဉ်အလာ၊ စာပေဝါ၊ သမ္မာ၊ စာပေဂုဏ်သိက္ခာရှိကြသူများကို မူဘောင်နှင့်အညီ စိစစ်ရွေးချယ်ပူဇော်ကန်တော့နေခြင်းဖြစ်သည်။

ထိုသို့ စိစစ်ရွေးချယ် ပူဇော်ကန်တော့ခဲ့ရာတွင် ပါတီစွဲ၊ ဂိုဏ်းစွဲ၊ အဖွဲ့စွဲများနှင့် နိုင်ငံရေးအယူအဆအမျိုးမျိုးကို ဥပေက္ခာပြု လျစ်လျူရှုကာ စာပေလောကသားအားလုံး၏အကျိုးအတွက် စွမ်းဆောင်နိုင်သမျှအကျိုးပြု ပူဇော်ကန်တော့နေခြင်းဖြစ်သည်။ ဤသည်ကို နှစ်စဉ်ကန်တော့ခံခဲ့ကြရသည့် စာပေပညာရှင်ကြီးများ၏ အထ္ထုပ္ပတ္တိစာအုပ်များက ခိုင်မာစွာ သက်သေခံနေကြသည်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းအနေဖြင့် ကန်တော့ခံစာပေပညာရှင်ကြီးများစာရင်းကို မြို့နယ်အသင်းများသို့ နှစ်စဉ်တောင်းခံပြုစုခဲ့ရာတွင် **"သက်ကြီးစာပေ ပညာရှင်ဟူသော**

**စာမျက်နှာ ၅ သို့ á**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကန့်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၇၅ ဧက စိုက်ပျိုးမည်




**ပုသိမ် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၇၅ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၇၅ ဧကကို ယခုနှစ်နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ မြေပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် ဒေသခံ တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် ဆက်စပ်သည့်ဌာန အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်မှာ ဆီထွက်သီးနှံတွေကိုနှစ်စဉ် စိုက်ပျိုးပါတယ်။ ဒီဘက် ဒေသမှာက ဆီထွက်သီးနှံတွေကို ဆောင်းကာလမှာအဓိကထားစိုက်ပျိုးတာဖြစ်ပါတယ်။ အခု ဆောင်းသီးနှံစိုက်ပျိုးရာမှာ ဆီထွက်သီးနှံ မြေပဲကို ၁၅၇၅ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေပဲတွေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ပေးသွားမှာပါ။ မြေပဲတွေ အသီးကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများကို သီးနှံမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် မြေပဲတစ်ဧကလျှင် ပျမ်းမျှ တင်း ၆၀ မှ ၆၅ တင်းထိ ထွက်ရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

á စာမျက်နှာ ၄ မှအဆက်

**စာပေစံ အခြေခံမှုများ"** နှင့်ကိုက်ညီသူများကိုသာ ပေးပို့ကြရန်နှင့် **"အသင်းဝင် သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့နေခြင်းမဟုတ်ကြောင်း"** အမြဲတမ်း ကြိုတင်ရှင်းလင်းနေခဲ့သည်။ သို့သော် သတ်မှတ်စာပေစံ အခြေခံမှုများနှင့် မကိုက်ညီသဖြင့် ရွေးချယ်ခြင်းမခံရသူတချို့က တစ်ဖက်သတ်အဆိုးမြင်ပြီး ငြိုငြင်ပြစ်တင်ကြလေ့ရှိသည်။ အချို့ကလည်း ကန်တော့ခံအသစ်များကို စိစစ် ရွေးချယ်ပြီးမှ ဆက်သွယ်လာခဲ့ရာ မလွှဲမရှောင်သာဘဲ ချန်လှပ်ထားခဲ့ရ သည်များလည်းရှိခဲ့သည်။ အချို့ကလည်း အသင်းကသတ်မှတ်ထားသော စာပေစံအခြေခံမှုများကို လုံးဝမသိဘဲ ပြစ်မှားနေကြသည်။ သည်ကြားထဲ အသင်းဝင်မဟုတ်သူတချို့ကလည်း ယိုသူမရှက် မြင်သူ ရှက်ဖွယ်ကောင်းအောင်၊ ဒေါင်းယောင်ဆောင်ပြနေကြသည်။ စပျစ်သီး ချဉ်နေကြသည်။ **"အများအကြိုက် ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ၊ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ၊ စွဲမှတ်ယူ၏"**ဟူသော လင်္ကာကဲ့သို့ပင် ကိုယ့်လိုဘ မပြည့်ရသူများ၏ အမုန်းဒဏ်ကို နှစ်စဉ်ခံနေခဲ့ကြရသည်။

**"အများအကျိုး၊ ရွက်သည်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"** ဟူသော **"စစ်ကိုင်းရွှေဟသာ်ဆရာတော်ဘုရားကြီး"**၏ဩဝါဒကို ဦးထိပ်ပန်ဆင်ကာ နှစ်စဉ်မပျက် ဆက်လက်ပူဇော်ကန်တော့ခဲ့ရာ အောင်မြင်တိုးတက်မှုရှိခဲ့ပြီး ၃၈ ကြိမ်မြောက်ခရီးသို့ ရောက်ခဲ့လေပြီ။

ယခု ၃၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာလအတွင်းတွင် ရန်ကုန်မြို့တော်ခန်းမ၌ ယခင်နှစ်များကကဲ့သို့ စာပေလောကသားများ စုံညီစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ကန်တော့ခံသက်ကြီးစာပေပညာရှင်များအတွက် ထက်သန်သောစေတနာမွန်ဖြင့် အလှူငွေများနှင့် ကန်တော့ဖွယ်ရာပစ္စည်းများကို မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကန်တော့ပွဲအခမ်းအနားသို့ ဝမ်းပန်းတသာ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက်ကုသိုလ်ယူကြပါရန် ဆန္ဒမွန်ပြုလိုက်ရပါသည်။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## တန်ဖိုးရှိသောလူ

\- လူဖြစ်ချိန် ဤဘဝ
မှတ်တမ်းလှ ရေးပါလေ၊
စိတ်ကောင်းကို လက်ကိုင်သုံး
ပြုံးပန်းတွေဝေ၊
စာနာစိတ် ထားတတ်စေ
အတ္တတွေ မထားရှိ၊
တန်ဖိုးဝင် နှလုံးသားနဲ့
ရိုးသားသင့်၏။

\- ကိုယ်ကျိုးရှာ အတ္တသမား
အမှားများနဲ့ သံသရာ၊
လမ်းလွဲဆီ ဦးတည်ရောက်
ကောက်ကွေ့ရမှာ၊
ဘဝခရီး ပန်းတိုင်သာ
တွေ့ဖို့ရာ ခက်ခဲ၊
အရှုံးတွေ ရင်ဆိုင်ရတော့
နောင်တရမြဲ။

\- သမိုင်းကို ကောင်းအောင်ရေး
စိတ်ဓာတ်လေး ဖြူစင်ကြယ်၊
ဘဝကို တိုးတက်ကောင်းဖို့
လမ်းကြောင်းရွေးချယ်၊
နိုးကြားလျက် ကြိုးစားကွယ်
တိုးပွားမယ် အောင်မြင်မှု၊
အစဉ်သာ မင်္ဂလာရှိ
ပီတိတွေစု။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သနပ်ပင် အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဖရဲကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ်လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **နွံ့ယဉ်**

## နိုင်ငံတကာ သတင်းများ

# ကမ္ဘာ့သြဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် စင်ကာပူနိုင်ငံကူးလက်မှတ် ရပ်တည်နေဆဲဖြစ်

**လန်ဒန် အောက်တိုဘာ ၁၆**

ကမ္ဘာ့သြဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်များစာရင်းတွင် စင်ကာပူနိုင်ငံကူးလက်မှတ်က နံပါတ်-၁ နေရာတွင် ရပ်တည်နေဆဲဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လန်ဒန်မြို့အခြေစိုက် ဟင်နလေ နိုင်ငံတကာ အတိုင်ပင်ခံအုပ်စုက ထုတ်ပြန်ထားသည့် ဟင်နလေ နိုင်ငံကူးလက်မှတ်များ အညွှန်းကိန်းအရ စင်ကာပူနိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူများသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၂၂၇ နေရာအနက် ၁၉၃ နေရာကို ဗီဇာမဲ့သွားရောက်နိုင်သည်။




ကမ္ဘာ့ဒုတိယသြဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်မှာ တောင်ကိုရီးယားနိုင်ငံကူးလက်မှတ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၀ ထိ ဗီဇာမဲ့သွားရောက်နိုင်သည်။

ဂျပန်နိုင်ငံကူး လက်မှတ်မှာ ကမ္ဘာ့တတိယ သြဇာအကြီးဆုံး နိုင်ငံကူးလက်မှတ်အဖြစ် ရပ်တည်နေပြီး ကမ္ဘာ့နိုင်ငံနှင့်ဒေသပေါင်း ၁၈၉ နေရာသို့ ဗီဇာမဲ့သွားရောက်နိုင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံကူးလက်မှတ်မှာ ယခုနှစ်တွင် အဆင့် (၁၂)နေရာသို့ ကျဆင်းခဲ့ရသည်။

အမေရိကန်နိုင်ငံကူးလက်မှတ်သည် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့သြဇာအကြီးဆုံးနိုင်ငံကူးလက်မှတ်အဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် အဆင့်များ တဖြည်းဖြည်း ကျဆင်းလာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# သမ္မတ ဒေါ်နယ်ထရမ့် တောင်ကိုရီးယားသို့ အောက်တိုဘာ ၂၉ ရက်တွင် ရောက်ရှိမည်



**ဆိုးလ် အောက်တိုဘာ ၁၆**

အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အနေဖြင့် အောက်တိုဘာ ၂၉ ရက်တွင် တောင်ကိုရီးယားသို့ ရောက်ရှိမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် အေပက်ထိပ်သီးညီလာခံကို တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ဂျောင်ဂျူးမြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပရန် တောင်ကိုရီးယား အစိုးရက စီစဉ်ထားသည်။

အေပက်ထိပ်သီးညီလာခံကာလအတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း သိရသည်။

ယခုနှစ် ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုလည်း တောင်ကိုရီးယား အစိုးရက ဖိတ်ကြားထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံက မြေရှားသတ္တုများ ပြည်ပတင်ပို့မှု ထပ်မံကန့်သတ်မည့်အစီအစဉ်ကို ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကြေညာခဲ့ပြီးနောက် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးတင်းမာမှုများ မြင့်တက်လာခဲ့ရသည်။

တောင်ကိုရီးယားခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်နှင့်လည်း တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တရုတ်နိုင်ငံထုတ် ဂျေ-၁၀စီ တိုက်လေယာဉ် ၄၂ စင်းဝယ်ယူမည့်အစီအစဉ် အင်ဒိုနီးရှားကြေညာ



**ဂျကာတာ အောက်တိုဘာ ၁၆**

တရုတ်နိုင်ငံထုတ် ချန်ဒူး ဂျေ- ၁၀ စီ တိုက်လေယာဉ် အနည်းဆုံး ၄၂ စင်း ဝယ်ယူရန် စီစဉ်ထားသည်ဟု အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး ဂျာဖရီ ဂျမ်ဆိုအက်ဒီက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ချန်ဒူးဂျေ-၁၀စီ တိုက်လေယာဉ်များသည် အင်ဒိုနီးရှားနိုင်ငံက အနောက်နိုင်ငံမဟုတ်သည့် နိုင်ငံတစ်နိုင်ငံထံမှ ပထမဆုံးဝယ်ယူမည့် တိုက်လေယာဉ်အမျိုးအစားဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် မကြာမီကာလအတွင်း တရုတ်နိုင်ငံထုတ် ချန်ဒူး ဂျေ-၁၀စီ တိုက်လေယာဉ် အနည်းဆုံး ၄၂ စင်း ဝယ်ယူမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျမ်ဆိုအက်ဒီက ပြောကြားခဲ့သော်လည်း သဘောတူညီချက်အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးဌာန၏အဆိုအရ ချန်ဒူးဂျေ-၁၀စီ တိုက်လေယာဉ် ၄၂စင်း၏တန်ဖိုးမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော်ထိရှိနိုင်ကြောင်း သိရသည်။

လက်နက်ကိုင်တပ်များခေတ်မီရေးလုပ်ငန်းစဉ်အရ တရုတ်နိုင်ငံထုတ် ချန်ဒူးဂျေ-၁၀ စီ တိုက်လေယာဉ်များဝယ်ယူရန် အင်ဒိုနီးရှားနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းကလည်း ပြင်သစ်နိုင်ငံထံမှ ရာဖေးလ် အမျိုးအစားတိုက်လေယာဉ် ၄၂စင်း မှာယူထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူထား

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၆**

နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံး နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့က အောက်တိုဘာ ၁၅ ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူထားကြောင်း သိရသည်။

ဆော်ဒီအာရေဗျနှင့် ကာတာ အပါအဝင် ဒေသတွင်း နိုင်ငံများ၏ မေတ္တာရပ်ခံချက်အရ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့က အပစ်အခတ်ရပ်စဲရေး ကြေညာထားခြင်းဖြစ်သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြား နယ်စပ်ပဋိပက္ခများကြောင့် ဒေသတွင်းတည်ငြိမ်ပျက်ပြားမှုအရေးကို ကမ္ဘာ့နိုင်ငံများက စိုးရိမ်လျက်ရှိသည်။

အာဖဂန်နစ္စတန်၏ မေတ္တာရပ်ခံချက်အရ ၄၈ နာရီ အပစ်အခတ်ရပ်စဲရန် သဘောတူထားကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပါကစ္စတန်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် စစ်သွေးကြွများအား အာဖဂန် တာလီဘန်များကို အာဖဂန်နစ္စတန်ပိုင်နက်များ အသုံးချခွင့်ပေးထားကြောင်း ပါကစ္စတန်အစိုးရက စွပ်စွဲထားသည်။

အာဖဂန်နစ္စတန်တစ်နိုင်ငံလုံးကို တာလီဘန်များ ပြန်လည်ထိန်းချုပ်ခဲ့သည့် ၂၀၂၁ ခုနှစ်မှစ၍ ပါကစ္စတန်နိုင်ငံမှာ စစ်သွေးကြွတိုက်ခိုက်မှုများ မြင့်တက်လာမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂါဇာကမ်းမြောင်ဒေသတည်ငြိမ်မှုတည်ဆောက်ရာတွင် တာဝန်ယူမည့် နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို အမေရိကန်အစိုးရစတင်

**နယူးယောက် အောက်တိုဘာ ၁၆**

ဂါဇာကမ်းမြောင်ဒေသ တည်ငြိမ်မှုတည်ဆောက်ရာတွင် တာဝန်ယူမည့် နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို အမေရိကန်အစိုးရက စတင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက်ပေါင်း ၂၀ ပါ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်တွင် ဂါဇာကမ်းမြောင်ဒေသ၌ တည်ငြိမ်မှုတည်ဆောက်ရေးအတွက် အမေရိကန် ကျောထောက်နောက်ခံပြု နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးလည်းပါဝင်သည်။

အဆိုပါနိုင်ငံတကာတပ်ဖွဲ့ကို အစ္စရေးနိုင်ငံ၌ နေရာယူတပ်စွဲထားမည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀တို့ဖြင့် နောက်ခံပြုပေးထားရန် အမေရိကန်အစိုးရက သဘောတူထားသည်။

လက်ရှိအချိန်တွင် ဂါဇာကမ်းမြောင်တည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို စတင်နေပြီဖြစ်ကြောင်း အမေရိကန်အစိုးရ ထိပ်တန်းအကြံပေးများက အောက်တိုဘာ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဂါဇာကမ်းမြောင် တည်ငြိမ်ရေး နိုင်ငံတကာ တပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ပေးနိုင်သည့်နိုင်ငံများထဲတွင် အင်ဒိုနီးရှား၊ ကာတာ၊ အီဂျစ်နှင့် အဇာဘိုင်ဂျန်နိုင်ငံတို့လည်း ပါဝင်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားသော်လည်း ဂါဇာကမ်းမြောင်၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တင်းမာမှုများ ရှိနေဆဲဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုအရေအတွက် များပြားလွန်းနေမှုကြောင့် ဘေးကင်းလုံခြုံမှုနှင့် ရေရှည်လုပ်ငန်းလည်ပတ်နိုင်မှုဆိုင်ရာပြဿနာများ ပေါ်ထွက်လာနိုင်



**ဝါရှင်တန် အောက်တိုဘာ ၁၆**

ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း၌ ဂြိုဟ်တုအရေအတွက် များပြားလွန်းနေမှုကြောင့် ဘေးကင်းလုံခြုံမှုနှင့် ရေရှည်လုပ်ငန်း လည်ပတ်နိုင်မှုဆိုင်ရာပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၅ ရက်တွင် ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများအနက် သုည ဒသမ ၂ ရာခိုင်နှုန်းခန့်ကိုသာ ဂြိုဟ်တု တစ်စင်းနှင့်တစ်စင်း ဝင်တိုက်မှု ရှောင်ရှားရေးအတွက် ပတ်လမ်း ရွေ့ပြောင်းမှုများကို လစဉ် ၁၀ ကြိမ်ကျော် ပြုလုပ်ခဲ့ကြရကြောင်း သိရသည်။

သို့ရာတွင် ၂၀၂၅ ခုနှစ် အရောက်တွင်မူ ကမ္ဘာပတ်လမ်း ပေါ်ရှိဂြိုဟ်တုများ ပတ်လမ်းနေရာ ရွှေ့ပြောင်းရမှုနှုန်းမှာ ခုနစ်ဆထိ မြင့်တက်လာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၁၂၀၀ အောက် ပတ်လမ်းအတွင်း ဂြိုဟ်တုစင်းရေ ၁၃၇၀၀ ခန့်သာ ရှိသော်လည်း ၂၀၂၅ ခုနှစ်အရောက်တွင် ဂြိုဟ်တု ၂၄၁၈၅ စင်းထိ ရှိလာကြောင်း သိရသည်။

အလားတူ ယခုဆယ်စုနှစ်ကုန်ချိန်တွင် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ ဂြိုဟ်တုစင်းရေမှာ ၂၀၁၉ ခုနှစ်ကထက် ငါးဆမြင့်တက်လာနိုင်ပြီး ဂြိုဟ်တုစင်းရေ ၇၀၀၀၀ ခန့်ထိ ရှိလာနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

ကမ္ဘာမြေပြင်အထက် မိုင် ၂၅၀ နှင့် ၃၇၀ ကြား ပတ်လမ်းနယ်မြေ၊ ၄၃၅ မိုင်နှင့် မိုင် ၅၀၀ ကြား ပတ်လမ်းနယ်မြေများရှိ ဂြိုဟ်တုအများအပြားမှာ ဝင်တိုက်မှုရှောင်ရှားရေး ပတ်လမ်းနေရာရွှေ့ပြောင်းမှုများ တစ်လလျှင် ၁၀ ကြိမ်ကျော်ထိ ပြုလုပ်နေကြရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စပေ့အိတ်ကုမ္ပဏီက Amazon ကုမ္ပဏီ၏ ပရောဂျက်ကွိုက်ပါဂြိုဟ်တု ၂၄ စင်း လွှတ်တင်

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Amazon ကုမ္ပဏီ၏ ပရောဂျက်ကွိုက်ပါ ဂြိုဟ်တု ၂၄ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် အောက်တိုဘာ ၁၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ပရောဂျက်ကွိုက်ပါဂြိုဟ်တု ၂၄ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ပရောဂျက်ကွိုက်ပါဂြိုဟ်တု ၂၄ စင်းကို ကမ္ဘာမြေပြင်အထက် ၂၈၉ မိုင်အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက Amazon ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သည့် တတိယမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Amazon ကုမ္ပဏီသည် ပရောဂျက်ကွိုက်ပါ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တု ၃၂၀၀၀ ခန့်ဖြင့် တည်ဆောက်ရန် စီစဉ်ထားပြီး လက်ရှိအချိန်ထိ ဂြိုဟ်တု ၁၅၃ စင်း လွှတ်တင်ထားပြီးဖြစ်သည်။

ပရောဂျက်ကွိုက်ပါ အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် Amazon ကုမ္ပဏီအနေဖြင့် မစ်ရှင်ပေါင်း ၇၀ ကျော်ထပ်မံ လွှတ်တင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှီယန်-၃၁ နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်း လွှတ်တင်

**ပေကျင်း အောက်တိုဘာ ၁၆**

ရှီယန်-၃၁ အမည်ရှိ နည်းပညာစမ်းသပ် ဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိကွမ်း ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် အောက်တိုဘာ ၁၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ရှီယန်-၃၁ နည်းပညာစမ်းသပ်ဂြိုဟ်တုကို လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် ရှီယန်-၃၁ နည်းပညာစမ်းသပ် ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှီယန်-၃၁ နည်းပညာစမ်းသပ်ဂြိုဟ်တုကို ပုံရိပ်ဖော်နည်းပညာများ စမ်းသပ်ရေးအတွက် အဓိက အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ရှီယန်-၃၁ နည်းပညာစမ်းသပ်ဂြိုဟ်တု မစ်ရှင်သည် တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ ယခုနှစ်အတွက် ၆၂ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

အလားတူ အဆိုပါမစ်ရှင်သည် လောင်းမတ်ချ် အုပ်စုဝင်ဒုံးပျံများ၏ ၅၉၉ ကြိမ်မြောက်အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အသည်းရောဂါတစ်မျိုးကို ကုပေးနိုင်ဖွယ်ရှိသည့် ဆေးနှစ်မျိုး စပိန်သုတေသနပညာရှင်များ တွေ့ရှိ

**မက်ဒရစ် အောက်တိုဘာ ၁၆**

အသည်းရောဂါပုံစံတစ်မျိုးကို ကုသပေးနိုင်ဖွယ်ရှိသော ဆေးနှစ်မျိုး စပိန်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများအရ သိရသည်။

Metabolic Dysfunction–Associated Steatotic Liver Disease (MASLD) ခေါ် အသည်းရောဂါသည် အရက်သောက်သုံးမှုနှင့် မသက်ဆိုင်သည့် အသည်းရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

MASLD အသည်းရောဂါသည် အသည်းအင်္ဂါအတွင်းပိုင်း၌ အဆီခဲတော်များစုစည်းမိချိန်တွင် ဖြစ်ပွားတတ်သည့် အသည်းရောဂါမျိုးဖြစ်ကြောင်း သိရသည်။

စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Pemafibrate ခေါ် ကိုလက်စထရော လျှော့ချရေးဆေးတစ်မျိုးနှင့် Telmisartan ခေါ် သွေးကျဆေးတစ်မျိုးတို့ကို ပေါင်းစပ်အသုံးပြုပါက MASLD လူနာများ၏ အသည်းအင်္ဂါအတွင်း အဆီခဲတော်များ စုစည်းမှုကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် Pemafibrate နှင့် Telmisartan ဆေးနှစ်မျိုးပေါင်း ကုထုံးသည် MASLD ရောဂါကို ကုသရာတွင် လက်ရှိကုထုံးများထက် ဘေးကင်းလုံခြုံမှုရှိနိုင်ကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## ပဋိဇီဝဆေးဝါးများဒဏ် ခံနိုင်ရည်ရှိလာသည့် ကူးစက်ရောဂါများက ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို ဆက်လက်ခြိမ်းခြောက်နေ

**ဂျီနီဗာ အောက်တိုဘာ ၁၆**

ပဋိဇီဝဆေးဝါးများဒဏ် ခံနိုင်ရည်ရှိလာသည့် ကူးစက်ရောဂါများသည် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို ဆက်လက်ခြိမ်းခြောက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အောက်တိုဘာ ၁၅ ရက်တွင် သတိပေးထားသည်။


WHO ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ ၂၀၂၃ ခုနှစ်တွင် ဗက်တီးရီးယားကူးစက်ရောဂါခြောက်မျိုးလျှင် တစ်မျိုးမှာ ပဋိဇီဝကုထုံးများကို ခံနိုင်ရည်ရှိလာကြောင်း သိရသည်။

ထို့ပြင် ဆီးလမ်းကြောင်းကူးစက်ရောဂါများ၊ သွေးနှင့် အစာခြေလမ်းကြောင်းစနစ် ကူးစက်ရောဂါများ၊ လိင်ဆက်ဆံမှုမှ ကူးစက်တတ်သည့် ရောဂါများအတွက် အသုံးပြုနေသော ပဋိဇီဝဆေးဝါးများအနက် ၄၀ ရာခိုင်နှုန်းကျော်တို့မှာ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်ကြားတွင် ထိရောက်မှုအာနိသင်ကျဆင်းသွားကြောင်း WHO အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗက်တီးရီးယားများ ဆေးယဉ်ပါးမှုပြဿနာမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ရာ ကုထုံးများလည်း အကန့်အသတ်ရှိလာကြောင်း WHO ကျွမ်းကျင်သူများက ပြောကြားသည်။

WHO ၏ အဆိုအရ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းမှာပင် ဗက်တီးရီးယား ကူးစက်ရောဂါများကြောင့် သေဆုံးမှု ၇ ဒသမ ၇ သန်းထိရှိခဲ့ရာ ထက်ဝက်ကျော်မှာ ဗက်တီးရီးယား ဆေးယဉ်ပါးမှုပြဿနာနှင့် ဆက်စပ်နေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



နိုင်ငံတကာ
အားကစားသတင်းများ

## DP World India Championships
# ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို နာကာဂျီမာ ဦးဆောင်

**နယူးဒေလီ အောက်တိုဘာ ၁၆**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပနေသည့် DP World India Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်ကစားသမား နာကာဂျီမာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်ဂေါက်သီးရိုက်ကစားသမား ကမ်မီလိုနှင့် အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား ရှိန်းလော်ရီတို့က သတ်မှတ်ရိုက်ချက်ထက် ငါးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိနေပြီး ဂျာမနီဂေါက်သီးရိုက်ကစားသမား ရှနိုက်ဒါအပါအဝင် ပြိုင်ပွဲဝင်ရှစ်ဦးထိက သတ်မှတ်ရိုက်ချက်ထက် လေးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းလည်း ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိနေပြီး မက်အီလ်ရွိုင်းက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ထား နိုင်ခဲ့သည်။

အမိက ဆုဖလားငါးလုံးထိ ဆွတ်ခူးထားသည့် မက်အီလ်ရွိုင်းသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမားဖြစ်ပြီး ပထမနေ့တွင် ရလဒ် ကောင်းမွန်ခဲ့သော်လည်း နာကာဂျီမာက အမှားမရှိအောင် ကစားနိုင်ခဲ့သည့်အတွက် ၎င်းတို့အကြား ရိုက်ချက် လေးချက်ထိ ကွာဟခဲ့သည်။

မက်အီလ်ရွိုင်းက "ပထမနေ့မှာ အကောင်းဆုံး ကစားနိုင်ခဲ့ပါတယ်။ တချို့ကျင်းတွေမှာတော့ မျှော်လင့်ထားသလို မလုပ်ပြနိုင်ခဲ့ပါဘူး။ Birdies ရိုက်ချက်တွေတော့ ရနိုင်သလောက်ရအောင် အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ကွင်းအနေအထားအရ တစ်ကျင်းတွေက တော်တော်လေးကို ကစားရခက်ခဲ့တယ်။ ကွင်းအနေအထားက မျှော်လင့်ထားတာထက်ကို ကစားရခက်တယ်။ ရိုက်ချက်တိုင်းကို အတတ်နိုင်ဆုံး Greenway ထဲရောက်အောင်တော့ ရိုက်နိုင်မှ အဆင်ပြေမဲ့ အနေအထားဖြစ်နေတယ်"ဟု ပြောကြားခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် နာကာဂျီမာသည် ပထမနေ့တွင် Birdies ရိုက်ချက် ရှစ်ကျင်းထိရရှိခဲ့ပြီး Bogey တစ်ကျင်းသာ ရခဲ့သည့်အတွက် အမှတ်ပေးဇယားကို ရလဒ်ကောင်းဖြင့် ဦးဆောင်ထားနိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : CBS Sports
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ❑ ကစားသမားများ၏ လုပ်ခလစာ စည်းမျဉ်းပြောင်းလဲမည့် သတင်းများ ပေါ်ထွက်လာမှုကြောင့် ကစားသမားများ လစာမြင့်မားသည့် ပရီးမီးယားလိဂ်ကလပ်အသင်းများက စိုးရိမ်နေပြီး မန်ချက်စတာမြို့ခံနှစ်သင်းက အဆိုပါစည်းမျဉ်းကို ကန့်ကွက်ထားကြောင်း သိရသည်။
- ❑ မန်စီးတီးအသင်းတွင် ခြေစွမ်းပြနေသည့် ကွင်းလယ်ကစားသမား ရိုင်းဒါးစ်အနေဖြင့် နည်းပြကိုးမန်း၏ နယ်သာလန်အသင်းတွင် ဖရန့်ကီဒီဂျောင်း၊ဂရာဗန်ဘာ့ခ်ျတို့နောက်တွင်သာ ပါဝင်ကစားခဲ့ရကြောင်း သိရသည်။

ML

# အီဂျစ်အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ သက်ထားသူဇာ တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာ ကြက်တောင်မယ် သက်ထားသူဇာသည် အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် အီဂျစ်အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ပြိုင်ဘက်များကို အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲတွင် သက်ထားသူဇာသည် ၃၂ ဦး ရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရကာ ယနေ့တွင် ၃၂ ဦးရှုံးထွက်ပွဲစဉ်အဖြစ် အီတလီ ကြက်တောင်မယ် ပင်စီနင်နှင့် ကစားခဲ့ရာ ပထမပွဲတွင် ၁၅-၂၁၊ ဒုတိယပွဲတွင် ၁၅-၂၁ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့ပြီး ၁၆ ဦး ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့နောက် ၁၆ ဦးရှုံးထွက်ပွဲစဉ်အဖြစ် ဆွစ်ဇာလန်ကြက်တောင်မယ် အမီဂူရက်နှင့်ကစားခဲ့ရာ ပထမပွဲတွင် ၁၈-၂၁ မှတ်၊ ဒုတိယပွဲတွင် ၁၅-၂၁ မှတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

သက်ထားသူဇာသည် အီဂျစ်အင်တာနေရှင်နယ် ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အိန္ဒိယကြက်တောင်မယ် မာရက်ဒိုင်နှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကို စီးရီးအေသို့ ပြန်လည်ခေါ်ယူရန် ဂျူဗင်တပ်အသင်း ကြိုးပမ်း

**ရောမ အောက်တိုဘာ ၁၆**

ဂျူဗင်တပ်အသင်းသည် ဆော်ဒီပရိုလိဂ်ကလပ် အယ်အာလီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကို စီးရီးအေသို့ ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

အေစီမီလန်အသင်းကစားသမားဟောင်း ဖရန့်ကက်ဆီသည် အယ်အာလီအသင်းနှင့် ၂၀၂၆ ဇူလိုင်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အယ်အာလီအသင်းက အလွတ်ပြောင်းရွှေ့ခွင့် မပြုလိုဘဲ ဖန်နဝါရီအပြောင်းအရွှေ့တွင် ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိသည်။

လက်ရှိတွင် ဖရန့်ကက်ဆီသည် တစ်နှစ်စလုပ်ခ ယူရို ၁၀ သန်းထိ ရရှိနေပြီး ဥရောပကလပ်အသင်းများသို့ စောစီးစွာ ပြန်လည်ပြောင်းရွှေ့လိုသဖြင့် လုပ်ခလစာလျှော့ယူ၍ ဂျူဗင်တပ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဖရန့်ကက်ဆီသည် အေစီမီလန်အသင်းတွင် ကစားခဲ့စဉ်ကလည်း ၂၀၂၀- ၂၀၂၁ ဘောလုံးရာသီတွင် စီးရီးအေ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သည့်အပြင် နည်းပြ ဇာဗီ လက်ထက် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့စဉ်ကလည်း ပွဲဦးထွက် ဘောလုံးရာသီတွင် ခြေစွမ်းပြ၍ ဆုဖလား ရယူနိုင်ခဲ့ပြီးနောက် ဆော်ဒီပရိုလိဂ် အယ်အာလီအသင်းသို့ပြောင်းရွှေ့ခဲ့ရာ အသင်းနှင့်အတူ ၂၀၂၄- ၂၀၂၅ ဘောလုံးရာသီတွင် အေအက်ဖ်စီ ချန်ပီယံလိဂ်ဖလား၊ ၂၀၂၅- ၂၀၂၆ ဘောလုံးရာသီတွင် ဆော်ဒီဘုရင့်ဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဂျူဗင်တပ် အသင်းသည် ကွင်းလယ်ပိုင်းတွင် စပို့တင်လစ္စဘွန်းအသင်းမှ ခေါ်ယူထားသည့် ဂျူးလ်မန်း၊ ကွင်းလယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သူရမ်တို့ရှိနေသော်လည်း သူရမ်ကို ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းနှင့် အာဆင်နယ်အသင်းတို့က စိတ်ဝင်စားနေသောကြောင့် စီးရီးအေပြိုင်ပွဲအတွေ့အကြုံရှိသည့် ဖရန့်ကက်ဆီကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# ရိန်းဂျားအသင်းကခန့်အပ်မည့် နည်းပြစာရင်းတွင် နည်းပြဂျာရတ် ထိပ်ဆုံးမှရေပန်းစားနေ

**အီဒင်ဘာ့ဂ် အောက်တိုဘာ ၁၆**

အယ်အီသီဖတ် အသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြဂျာရတ်ကို ရိန်းဂျားအသင်းမှ နည်းပြသစ်အဖြစ် ပြန်လည်ခန့်အပ်နိုင်ရန် ကြိုးပမ်းနေပြီး ထိပ်ဆုံးမှ ရေပန်းစားလျက် ရှိကြောင်း သိရသည်။



ရိန်းဂျားအသင်းသည် ယခုနှစ် ဘောလုံးရာသီ နည်းပြ မာတင်လက်ထက်တွင် အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲ၌ တစ်ပွဲသာ အနိုင်ရခဲ့သဖြင့် ရလဒ်ဆိုးရွားနေသည့် နည်းပြ မာတင်ကို ရာထူးမှထုတ်ပယ်ခဲ့ကာ ၎င်းနေရာတွင် အစားထိုးမည့် နည်းပြသစ် ရှာဖွေလျက်ရှိရာ ယခင် နည်းပြဟောင်း ဂျာရတ်ကို ပြန်လည်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရိန်းဂျားအသင်း အနေဖြင့် ဖော့ဂီယာအသင်းကို တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ပြီးကတည်းက နည်းပြမာတင်နှင့် လမ်းခွဲခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲကာလ မပြီးဆုံးမီ နည်းပြသစ် ခန့်အပ်ရန်အတွက် နည်းပြ ဆိုးရှား၊ နည်းပြ ကာရစ်တို့ကိုရွေးချယ်ခဲ့သော်လည်း ယခုအခါ အသင်းနှင့် လက်တွဲခဲ့ဖူးသည့် နည်းပြဂျာရတ်ကိုသာ ဦးစားပေး ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဂျာရတ်သည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် လီဗာပူးအသင်း၊ ၂၀၁၈ -၂၀၂၁ ထိ ရိန်းဂျားအသင်း၊ ၂၀၂၁- ၂၀၂၂ ဘောလုံးရာသီတွင် အေဗီလာအသင်း၊ ၂၀၂၃- ၂၀၂၅ ထိ အယ်အီသီဖတ်အသင်းတို့ကို တာဝန်ယူခဲ့ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# မြန်မာနေရှင်နယ်လိဂ်ယူ - ၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)တွင် မဟာယူနိုက်တက်နှင့် ISPEအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ -၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီခွဲက ISPE အားကစားကွင်းတွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇မိနစ်တွင် ဝင်းမင်းသူ၊ ၂၉ မိနစ်တွင် ကောင်းခန့်ကျော်၊ ၉၅မိနစ်တွင် သက်ထူးစံတို့ကသွင်းယူနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် မောင်တော၊ ပွဲချိန် ၄၁ မိနစ်တွင် အာရွှံတို့က သွင်းယူနိုင်ခဲ့သည်။

အလားတူ ညနေ ၃နာရီခွဲက ဗဟန်း အားကစားကွင်းတွင် မဟာယူနိုက်တက် အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မဟာယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၅၀ တွင် ဇော်မင်းသန့်က သွင်းယူပေးခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၁ မိနစ်တွင် ညီနိုင်က သွင်းယူပေးခဲ့ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် နီကိုပက်ဇ်ကို အချိန်မရွေး ပြန်လည်ခေါ်ယူနိုင်သည်ဟု ကိုမိုအသင်းဥက္ကဋ္ဌ အတည်ပြု

ရောမ အောက်တိုဘာ ၁၆

ကိုမိုအသင်းဥက္ကဋ္ဌ မာဝင်ဆူရာဆိုက ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် မိမိတို့အသင်းမှ ကွင်းလယ်ကစားသမား နီကိုပက်ဇ်ကို အချိန်မရွေး ပြန်လည်ခေါ်ယူနိုင်သည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

နီကိုပက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ပွဲကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်က ကိုမိုအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခြောက်သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ကိုမိုအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်နေသူဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ကိုမိုအသင်းထံ နီကိုပက်ဇ်ကို ရောင်းချစဉ်ကတည်းက အသင်းထံပြန်လည်ခေါ်ယူလိုပါက အချိန်မရွေးခေါ်ယူနိုင်သည်ဟု စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားခြင်းကို ကိုမိုအသင်းဥက္ကဋ္ဌက အတည်ပြုခဲ့ခြင်းဖြစ်သည်။

နီကိုပက်ဇ်ကို ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလကတည်းက စပါးအသင်း အပါအဝင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ကမ်းလှမ်းခဲ့သော်လည်း ကိုမိုအသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

နီကိုပက်ဇ်ကို ကိုမိုအသင်းခေါ်ယူစဉ်က ယူရိုခြောက်သန်းသာ ရှိခဲ့သော်လည်း လက်ရှိနီကိုပက်ဇ်၏ ဈေးကွက်တန်ဖိုးမှာ ယူရိုသန်း၇၀ထိရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA





# မြန်မာအမျိုးသမီးအသင်း ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်မည်

ရန်ကုန် အောက်တိုဘာ ၁၆

မြန်မာအမျိုးသမီး အသင်းသည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံသို့သွားရောက်ကာ စခန်းသွင်း လေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အောက်တိုဘာ စရက်ကစတင်ပြီး ပဏာမကစားသမားဦးရေ ၃၀ ဖြင့် ရန်ကုန်မြို့တွင် စခန်းသွင်း လေ့ကျင့်မှုများ စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ဂျပန်နိုင်ငံ လေ့ကျင့်ရေး ခရီးစဉ်အတွင်း လက်ရှိစုဖွဲ့လေ့ကျင့်နေသည့် ကစားသမားဦးရေ ၃၀မှ ငါးဦးကို လျှော့ချပြီး ၂၅ ဦးဖြင့် သွားရောက်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်နိုင်ငံ လေ့ကျင့်ရေး ခရီးစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံမှ ထွက်ခွာမည်ဖြစ်ပြီး ဂျပန်နိုင်ငံအိုဆာကာမြို့တွင် အခြေချကာ အောက်တိုဘာ၂၆ ရက်ထိ လေ့ကျင့်မှုများလုပ်ဆောင်သွားမည်ဖြစ်ပြီး လေ့ကျင့်ရေးခရီးစဉ်အတွင်း ခြေစမ်းပွဲစဉ်များ ကစားသွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီး အသင်းသည် ပြီးခဲ့သည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲထိ တက်ရောက်နိုင်ခဲ့သော်လည်း ဩစတြေးလျအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

STA

# ယခုနှစ်လူငယ်တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်းတွင် ကျူဘာစီ ပါဝင်လာ

ဘာစီလိုနာ အောက်တိုဘာ ၁၆

ယခုနှစ် လူငယ်တစ်နှစ်တာ အကောင်းဆုံးကစားသမား စာရင်းတွင် ဘာစီလိုနာအသင်းမှ ခံစစ်ကစားသမားကျူဘာစီ ပါဝင်ခဲ့သည်။

အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား ကျူဘာစီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဆုဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ စပိန်စူပါဖလားတို့ ရယူနိုင်ခဲ့ပြီး နိုင်ငံလက်ရွေးစင် စပိန်အသင်းတွင်လည်း ပုံမှန်ပွဲကစားခွင့်ရရှိခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အကောင်းဆုံး ကစားသမားဆုအတွက် ပဏာမကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိ လူငယ်အကောင်းဆုံး ကစားသမားဆုရရှိထားသည့် လမိုင်းယာမယ် အနေဖြင့် အကောင်းဆုံး ကစားသမားစာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

လက်ရှိထုတ်ပြန်ခဲ့သည့် ယခုနှစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှကျူဘာစီ၊ရီးရဲလ်မက်ဒရစ်အသင်းမှ ဟူအီဆန်၊ အဒါဂူလာ၊ မက်စတန်တူအိုနို၊ ဂျူဗင်တပ်အသင်းမှရဲလ်ဒီဇ်၊ အာဆင်နယ်အသင်းမှလူးဝစ်စကယ်လီ၊ နပိုနာရီ၊ ပီအက်စ်ဂျီအသင်းမှ ဖိုင်ရီအမ်မရီ၊မေယူလူ၊ ချဲလ်ဆီးအသင်းမှဟာတိုအက်စတီဗာအို၊ စပို့တင်းလစ္စဘွန်းအသင်းမှ ကွင်ဒါ၊ မန်ယူအသင်းမှယိုရို၊မန်စီးတီးအသင်းမှ အိုရိုင်းလီ၊လေဗာကူဆင်အသင်းမှ အယ်လ်လက်ဆီ၊ ပေါ်တိုအသင်းမှ ဖရိုဟိုတ်၊ မိုရာ၊ စပါးအသင်းမှ ဘာ့ဗော၊အာချီဂရေး၊စထရာဘော့အသင်းမှ မာမာဒူဆာ၊ ဒေါ့မွန်အသင်းမှ ဂျိုးလ်ဘယ်လင်ဟမ်၊ အင်တာမီလန်မှ ဖရန်ဆက်စ်ကို၊ လီဗာပူးအသင်းမှ လီအိုနီ၊ ကလပ်ဘရူးအသင်းမှ စတန်ကိုဗစ်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Barcablaugranes

Trs : ML

# Ningbo Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပါအိုလီနီ တက်ရောက်

နင်ဘို အောက်တိုဘာ ၁၆

တရုတ်နိုင်ငံ နင်ဘိုမြို့တွင် ကျင်းပနေသည့် Ningbo Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အီတလီ အဆင့်(၁) တင်းနစ်မယ် ပါအိုလီနီနှင့် ရုရှားတင်းနစ်မယ် ကူဒါမီတိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပါအိုလီနီက (၆-၂၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ပါအိုလီနီသည် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ပြိုင်ပွဲဝင်စာရင်းတွင် ပါဝင်နေပြီး ပြိုင်ပွဲအား ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းလည်းဖြစ်သည်။

ပါအိုလီနီသည် Ningbo Open တင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့်(၂)အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့ပါက ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့တွင်ကျင်းပပြုလုပ်သွားမည့် WTA Finals Riyadh ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်လည်းဖြစ်သည်။



သို့သော်လည်း ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာအနေဖြင့် Ningbo Open တင်းနစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်မရခဲ့ပါက ပါအိုလီနီအနေဖြင့် ကွာတားဖိုင်နယ်အဆင့်ကိုကျော်ဖြတ်နိုင်ရုံဖြင့် WTA Finals Riyadh ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသွားမည်ဖြစ်သည်။

ပါအိုလီနီက "ဒုတိယအဆင့်ကနေစတင်ယှဉ်ပြိုင်ခွင့်ရခဲ့တာကို ဝမ်းသာပါတယ်။ ဒုတိယအဆင့်ပွဲစဉ်မှာလဲ အကောင်းဆုံးပုံစံနဲ့ အနိုင်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ နောက်တစ်ဆင့်မှာလဲ အကောင်းဆုံး ကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ နောက်တစ်ဆင့်ကို အကောင်းဆုံးကျော်ဖြတ်နိုင်ဖို့အတွက်လဲ ကြိုးစားသွားမယ်။ တခြားအခက်အခဲတွေ ရှိပေမဲ့လဲ ပွဲအပေါ်မှာပဲ သေချာအာရုံစိုက်သွားမယ်"ဟု ပြောကြားခဲ့သည်။

ပါအိုလီနီသည် ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်အဆင့်(၁) တင်းနစ်မယ် ဘန်ဆစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘန်ဆစ်သည် ဒုတိယအဆင့်တွင် ယူကရိန်းတင်းနစ်မယ်စတာရိုဒက်စီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘန်ဆစ်က (၅-၇ ၊ ၆-၄ ၊ ၇-၅) ရလဒ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

# ပေကျင်းမြို့ဆီသို့ အလည်တစ်ခေါက်

ခိုင်သဇင်ဝေ(ရတနာပုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ Seminar for Omnimedia Editors and Journalists from ASEAN Countries ဆွေးနွေးပွဲတက်ရောက်ဖို့အတွက် ကျွန်မတို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ထွက်ခွာလာခဲ့ပါတယ်။ အရှိန်ပြင်းစွာ မောင်းနှင်ထွက်ခွာနေတဲ့ လေယာဉ်ပေါ်မှာ ရင်တထိတ်ထိတ်နဲ့လိုက်ပါလာခဲ့ပါတယ်။ ပထမဆုံးလေယာဉ်စီးဖူးတာဖြစ်တဲ့အပြင် ပထမဆုံးနိုင်ငံခြားခရီးစဉ်ဖြစ်တဲ့အတွက်လဲ ဖြစ်ပါတယ်။ လေယာဉ်ပေါ်မှာ မှန်ဘေးနားထိုင်ခဲ့ရတာကြောင့် မှန်ပြတင်းကနေ ကောင်းကင်ပြာနဲ့တိမ်တွေကို ငေးကြည့်မိရင်း မြေပြင်ကို လှမ်းကြည့်မိတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်က မှုန်ပျပျသာကျန်ခဲ့ပါတော့တယ်။ ကောင်းကင်ကနေမြင်တွေ့ရတဲ့ ကျွန်မရဲ့အမိနိုင်ငံဟာ တော၊ တောင်၊ ရေ၊ မြေအလှတရားအစုံနဲ့ အလွန်ကို လှပတဲ့နိုင်ငံတစ်နိုင်ငံပဲ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်မဟာ China Southern လေကြောင်းလိုင်းနဲ့ အမိမြန်မာမြေကနေ စတင်ထွက်ခွာလာခဲ့ပါတော့တယ်။

အခုခရီးစဉ်ကနေ ကျွန်မအနေနဲ့ ကောင်းမွန်တဲ့၊ အကျိုးရှိမဲ့ အတွေ့အကြုံသစ်တွေရရှိလာမယ်လို့ ယုံကြည်မိနေပါတယ်။ လေးနာရီကြာလေယာဉ်စီးပြီးတဲ့အခါမှာတော့ ကွမ်ကျိုးမြို့ရှိ ပိုင်ယွမ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ရောက်ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ Time Zone ကွာခြားချက်အရ ၁ နာရီ မိနစ် ၃၀ ကွာခြားပါတယ်။ ဒါကြောင့် မနက် ၁၁ နာရီ ၁၅ မိနစ်ကစီးလာတဲ့လေယာဉ်ဟာ ကွမ်ကျိုးမြို့ရောက်တဲ့အခါမှာတော့ ညနေ ၄နာရီ ၄၅ မိနစ် ဖြစ်လို့နေပါတယ်။

ကျွန်မရဲ့လေယာဉ်ခရီးစဉ်ဟာ ည ၈ နာရီကျော်မှစထွက်မှာဖြစ်တာကြောင့် လေဆိပ်ရဲ့စစ်ဆေးရေးဂိတ်မှာ စစ်ဆေးသင့်တာတွေစစ်ဆေးပြီး ခေတ္တစောင့်ဆိုင်းပြီးနောက် China Southern လေကြောင်းလိုင်းနဲ့ပဲ ဆက်လက်ထွက်ခွာလာပါတယ်။ လေယာဉ်လေးနာရီကြာစီးပြီးတဲ့အခါမှာတော့ ပေကျင်းမြို့ တာ့ရှင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ညသန်းခေါင်အကျော်မှာ ရောက်ရှိလာခဲ့ပါတယ်။ ပေကျင်းမြို့ကို ရောက်တဲ့အခါမှာအပူချိန်ဟာ မြန်မာနိုင်ငံနဲ့ယှဉ်ရင် လျော့နည်းနေတာကို ခံစားမိပါတယ်။ ညအချိန်ဖြစ်တဲ့အတွက် အပူချိန်ဟာ ပိုမိုလျော့နည်းနေပါတယ်။ ပုံမှန်အားဖြင့်တော့ ဒီအချိန်မှာ တရုတ်နိုင်ငံ ပေကျင်းမြို့ရဲ့ နေ့အပူချိန်ဟာ ၂၁ ဒီဂရီဆဲလ်စီယပ်၊ ညအချိန်ဆို ၁၅ ဒီဂရီဆဲလ်စီယပ်ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိတဲ့အတွက် လူဦးရေသိပ်သည်းတဲ့နိုင်ငံလို့ ဆိုရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ နည်းပညာဟာ အတော်လေးမြင့်မားလာတာကို တွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံရဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိတာကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်မတို့လေ့လာရေးအဖွဲ့တွေ ပထမဆုံးသွားရောက်လည်ပတ်


ဂရိတ်ဝေါ ခေါ် မဟာတံတိုင်း

ခဲ့တဲ့နေရာကတော့ ဂရိတ်ဝေါ(The Great Wall)ဖြစ်ပါတယ်။ ဂရိတ်ဝေါလို့ခေါ်တဲ့ မဟာတံတိုင်းကို ယူနက်စကို (UNESCO–the United Nations Educational, Scientific and Cultural Organization)က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ၁၉၈၇ ခုနှစ်မှာ သတ်မှတ်ခဲ့ပါတယ်။ ထိုတံတိုင်းကြီးရဲ့ ကြီးမားတဲ့ထုထည်နဲ့ အရှည်အတိုင်းအတာကြောင့် လူသိများပါတယ်။ ဘီစီ ၆ ရာစုကနေ အေဒီ ၁၆ ရာစုအတွင်း တရုတ်နိုင်ငံရဲ့ မင်းဆက်အဆက်ဆက်တို့လက်ထက်မှာ တရုတ်အင်ပါယာရဲ့ မြောက်ဘက်နယ်စပ်ကို ရှုန်းနူတို့ရဲ့တိုက်ခိုက်မှုကနေကာကွယ်ဖို့ တည်ဆောက်ခဲ့တာဖြစ်ပြီး လခြမ်းပုံသဏ္ဍာန်ရစ်ပတ်ခွေတည်ဆောက်ထားတဲ့ ထိုတံတိုင်းကြီးဟာ မိုင်ပေါင်း ၄၁၆၀ ရှည်လျားပါတယ်။ ချင်မင်းဆက်နဲ့ မင်မင်းဆက်ရဲ့လက်ထက်မှာ တည်ဆောက်ထားတဲ့အတွက် ထိုမင်းဆက်တွေရဲ့ ရှေးခေတ်ဗိသုကာလက်ရာကိုလဲ အဆိုပါတံတိုင်း


ချန်မန်လမ်း

ကြီးမှာလေ့လာနိုင်ပါတယ်။ ဒ့ါပြင် ရာစုနှစ်များစွာကြာအောင် ကြီးမားတဲ့ စစ်ရေးကာကွယ်ရေးစနစ်တစ်ခုအဖြစ် အသုံးပြုခဲ့တာကြောင့် သမိုင်းဆိုင်ရာ အရေးပါမှုများစွာရှိတာကိုလဲ လေ့လာခဲ့ရပါတယ်။ အဆိုပါမဟာတံတိုင်းကို အလည်အပတ်သွားရောက်ခဲ့တဲ့အတွက် တရုတ်နိုင်ငံရဲ့သမိုင်းကြောင်း၊ စည်းလုံးညီညွတ်မှု၊ အောင်မြင်မှုပြယုဂ်တွေကို လေ့လာသိရှိခဲ့ရပါတယ်။

မဟာတံတိုင်းကို အလည်အပတ်သွားပြီး နောက်တစ်ရက်မှာတော့ တရုတ်နိုင်ငံ ပေကျင်းမြို့လယ်ရှိ ချန်မန်လမ်းသို့ သွားရောက်လေ့လာခဲ့ပါတယ်။ အဆိုပါလမ်းဟာ တရုတ်နိုင်ငံရဲ့ ရိုးရာဗိသုကာလက်ရာတွေနဲ့ လွှမ်းခြုံနေတဲ့အပြင် အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ဒေသထွက်အစားအစာတွေအပြင် မြည်းစမ်းကြည့်သင့်တဲ့ ပေကျင်းဘဲကင်၊ အသားကင်၊ မာလာခေါက်ဆွဲ စတဲ့အစားအစာအမျိုးမျိုး၊ အအေးမျိုးစုံ၊ ရိုးရာငွေထည်၊ ရိုးရာဝတ်စုံအငှားနဲ့ ဓာတ်ပုံစတူဒီယိုတွေကို စည်စည်ကားကားနဲ့ ပွဲဈေးတန်းကြီးသဖွယ် ခင်းကျင်းရောင်းချနေတဲ့ နေရာ


ထျန်းအန်းမင်ရင်ပြင်


တစ်ခုဖြစ်ပါတယ်။ ထိုလမ်းဟာ အရင်က စီးပွားရေးအချက်အချာနေရာတစ်ခုဖြစ်ပါတယ်။ ကုန်သည်တွေရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရာ ထိုနေရာဟာ ဒီနေ့အချိန်ထိစည်ကားပြီး အလည်အပတ်လာရောက်တဲ့ ကမ္ဘာလှည့်ခရီးသွားတွေအတွက်သာမက ဒေသခံတွေအတွက်ပါ ရေပန်းစားတဲ့ သမိုင်းဝင်အလည်အပတ်နေရာတစ်ခုဖြစ်ပါတယ်။

အဲဒီလမ်းအနီးမှာ ထျန်းအန်းမင်ရင်ပြင်လဲရှိပါတယ်။ ချန်မန်လမ်းဟာ ရင်ပြင်ရဲ့တောင်ဘက်မှာရှိပါတယ်။ ထျန်းအန်းမင်ရဲ့အဓိပ္ပာယ်ကတော့ Heaven Peace Gate ကောင်းကင်ဘုံငြိမ်းချမ်းရေးဂိတ်တံခါးလို့ သိရပါတယ်။ ထျန်းအန်းမင်ရင်ပြင်ဟာ မြို့တော်ပေကျင်းရဲ့မြို့လယ်ကောင်မှာတည်ရှိတဲ့အတွက် မြို့ရဲ့ဗဟိုချက်မ၊ ယဉ်ကျေးမှုနဲ့ အမျိုးသားအမှတ်သင်္ကေတအဖြစ် သတ်မှတ်ထားကြပါတယ်။ ထျန်းအန်းမင်ရင်ပြင်ဟာ ကမ္ဘာ့အကြီးဆုံး မြို့တော်ရင်ပြင် ၁၀ခုအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ထိုရင်ပြင်ကို ၁၄၂၀ ပြည့်နှစ် မင်မင်းဆက်လက်ထက်


တရုတ်နိုင်ငံ၏ ကွန်မြူနစ်ပါတီပြတိုက်

က စတင်တည်ဆောက်ခဲ့တယ်လို့သိရပါတယ်။ ရင်ပြင်အတွင်းမှာတော့ ပြည်သူ့ သူရဲကောင်းအထိမ်းအမှတ်အဆောက်အအုံ၊ ပြည်သူ့ခန်းမတို့ရှိတယ်လို့သိခဲ့ရပေမဲ့လဲ ကြိုတင်ဝင်ခွင့်တင်မထားတဲ့အတွက် ရင်ပြင်အတွင်းကိုတော့ ဝင်ရောက်လေ့လာခွင့်မရရှိခဲ့ဘဲ ပြန်လာခဲ့ကြပါတယ်။

နောက်ထပ် လေ့လာလည်ပတ်ခဲ့တဲ့နေရာကတော့ တရုတ်နိုင်ငံရဲ့ ကွန်မြူနစ်ပါတီပြတိုက်(CPC ပါတီပြတိုက်)ဖြစ်ပါတယ်။ သွားရောက်လည်ပတ်ခဲ့ရာ အဲဒီပြတိုက်မှာ တရုတ်နိုင်ငံရဲ့ခေါင်းဆောင် မော်စီတုန်းလက်ထက်ကစပြီး ယခုလက်ရှိ သမ္မတရှီကျင့်ဖျင်လက်ထက်ထိ တိုးတက်ပြောင်းလဲလာမှုတွေကို သေချာစနစ်တကျနဲ့ မှတ်တမ်းမှတ်ရာတွေကို အခန်းလိုက်ပြသထားတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပြတိုက်ကို ၂၀၂၀ ပြည့်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ကျယ်ပြောခမ်းနားစွာဆောက်လုပ်ထားတဲ့ထိုပြတိုက်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေး


ကောင်းကင်ဘုံကျောင်း(Temple of Heaven)

ဖွံ့ဖြိုးတိုးတက်မှုမရှိသေးခင်အချိန်ကနေ ယနေ့ခေတ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံ၊ ထိုသို့ တိုးတက်ပြောင်းလဲမှုအတွက် ကြိုးပမ်းမှုသမိုင်းမှတ်တမ်းမှတ်ရာတွေ၊ ကြိုးပမ်းမှုသမိုင်းမှတ်တိုင်တိုင်းမှာ ပါဝင်ခဲ့သူတွေရဲ့ အတ္ထုပ္ပတ္တိ၊ မှတ်တမ်းမှတ်ရာတွေကို သေချာစနစ်တကျ ထားသိုပြသထားတာကိုတွေ့ရပါတယ်။ ဒ့ါပြင် တရုတ်နိုင်ငံတစ်နိုင်ငံလုံးရဲ့ ပြည်နယ်အသီးသီးက ရှုခင်းအလှတရားတွေ၊ အာကာသ၊ ရေအောက်၊ ဝေဟင်စတဲ့နေရာတွေကို လက်တွေ့ခံစားရသလို လေ့လာနိုင်စေဖို့ 4D Animation တွေကို ဖန်တီးဆောင်ရွက်ပေးထားတဲ့အတွက် လေ့လာကြည့်ရှုသူတွေရဲ့စိတ်အာရုံကို အပြည့်အဝဖမ်းစားစေနိုင်တာကိုလဲ လေ့လာတွေ့ရှိရပါတယ်။

နေ့လယ်ပိုင်းမှာတော့ တရုတ်နိုင်ငံရဲ့ သိပ္ပံနှင့်နည်းပညာပြတိုက်ကို သွားရောက်လေ့လာလည်ပတ်ခဲ့ရာ ထိုပြတိုက်မှာ မျိုးဆက်သစ်လူငယ်တွေရဲ့ တွေးခေါ်စဉ်းစားနိုင်စွမ်း၊ တီထွင်နိုင်စွမ်းတွေမြင့်မားတိုးတက်စေရေးကို အလေးထားဆောင်ရွက်ထားတာကို တွေ့ရပါတယ်။ ထိုပြတိုက်မှာ သိပ္ပံနဲ့နည်းပညာဆိုင်ရာအကြောင်းအရာတွေကို အခြေခံကျကျလေ့လာနိုင်စေဖို့ စနစ်တကျဖန်တီးထားတာကို တွေ့ရပါတယ်။ ဒ့ါပြင် လူသားတွေရဲ့တစ်ရှူးဖွဲ့စည်းပုံ၊ သန္ဓေသားလောင်းတွေဖြစ်


IFLYEK AI Experience Center

ပေါ်လာမှုကနေ AI နည်းပညာသုံးစက်ရုပ်တွေ ထုတ်လုပ်အသုံးပြုမှု၊ အာကာသတွင်း ဂြိုဟ်တုလွှတ်တင်မှု၊ ရေအောက်လေ့လာမှုစတာတွေကို အသေးစိတ်ခင်းကျင်းပြသထားတာကြောင့် အနာဂတ်ကလေးငယ်တွေအတွက် အတော်လေးအကျိုးရှိတဲ့ ပြတိုက်တစ်ခုကို လေ့လာခဲ့ကြရပါတယ်။

နောက်ရက်မှာတော့ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်တဲ့ ကောင်းကင်ဘုံကျောင်း(Temple of Heaven)ကို သွားရောက်လေ့လာလည်ပတ်ခဲ့ရာ ထိုဘုံကျောင်းဟာ တရုတ်လူမျိုးတွေရဲ့ ကောင်းကင်ဘုံနဲ့

စာမျက်နှာ ၁၁ သို့ á

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing meets Union ministers, chief ministers of regions and states



Senior General Min Aung Hlaing meets Union ministers, and chief ministers of regions and states.

**Nay Pyi Taw October 16**

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered a speech at the meeting with Union ministers and chief ministers of regions and states this afternoon.

Also, present at the meeting were Commission Vice Chairman Vice-Senior General Soe Win, Commission member and Prime Minister U Nyo Saw, Commission member and Executive Chief U Aung Lin Dwe, Commission Secretary and Joint Executive Chief General Ye Win Oo, Commission members, Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states, and deputy ministers.

In his speech, the Acting President and SSPC Chairman of the Republic of the Union of Myanmar said that he will give guidance on promotion of the State economy and development of the nation so that the current government will make preparations for the forthcoming government.

A government is responsible for carrying out improvement of socioeconomic life of the State and the people. Likewise, the government needs to take security measures of the State. In addition, the government must act in a way that earns respect and dignity for its country in the eyes of the international community. If so, it will be a strong government which can win the trust of the people. Hence, it is very important for enhancement of the socioeconomic life of the State as a must.

Primarily, Myanmar is engaging in the agriculture and livestock business. Some 70 per cent of the people reside in the urban and the rest 30 per cent in the urban area. Of them, some 50 per cent of the people are operating their livelihoods in agriculture, forestry, livestock and fisheries sectors. As such, the efforts to promote agricultural and livestock products mean enhancing the State economy. Only when they promote the rural economy will the State economy rise, reducing the poverty at the same time.

In the agriculture sector, extended cultivation of crops including industrial crops will contribute to development of industries as well as improvement of manufacturing and service measures. Efforts should be made to develop agriculture and livestock activities as the primary business of the State in order to improve the industrial and service sectors.

It is necessary to increase per-acre yield of crops on the existing cultivable lands, rather than expansion of sown acreage to produce the larger volume of crops. Although farmers are striving to meet the target production of crops, such an effort fails to meet the target production due to various reasons. Farmers need to use quality strains of crops, use fertilizer to have fertile soils, efficiently utilize agricultural water and apply modern agricultural techniques in order to raise the per-acre yield of crops. As the government is providing assistance for meeting the target production of crops, farmers need to expedite efforts to meet the target production. By doing so, farmers will have benefits. Only when they themselves make concerted efforts in their works will they enjoy the deserved benefits.

The government allows farmers to expand sown acreage of sunflower and coffee in order to ensure sufficiency of cooking oil at home and to produce the larger volume of coffee. Farmers are being encouraged to grow sunflower as the country needs cooking oil at home. Although they grow sesame and groundnut for traditional consumption and export, these crops still need oil sufficiency at home. Growing sunflower can contribute to local oil sufficiency on the one hand while reducing the import volume of oil, much benefiting the State.

When it comes to coffee cultivation, although coffee cultivation projects have been planned and implemented in the past, they have not achieved the expected success due to incomplete cultivation efforts and the use of alternative methods. It is possible to cultivate lowland coffee across the entire country. Therefore, permissions have been granted to expand coffee cultivation areas, and there is a need for full-scale cultivation.

Regarding industrial crops, there are seasonal crops, short-term crops, and perennial crops. Cotton is a seasonal crop, sugarcane is a short-term crop, and crops like coffee and rubber are perennial crops. Cotton is primarily cultivated in Magway, Mandalay, Sagaing, and Bago Regions, with a total of approximately 500,000 acres under cultivation. If cultivation can be carried out to achieve the full yield per acre, it will greatly benefit the country. Region and state chief ministers are urged to prioritize agricultural activities to promote the economic development of their regions and the nation.

Regarding food security, efforts are being made to ensure sufficient food supplies. To achieve an abundance of meat and fish according to regional needs, agricultural and livestock zones must be established. There is a need to progressively increase livestock breeding to ensure food security based on the population of each region. For example, in the Yangon Region, with a population of 7 million, if half of the population (3.5 million) consumes one egg per day, 3.5 million eggs will be required daily. To meet this demand, approximately 4 million chickens need to be raised. Therefore, regions and states must implement livestock breeding programs in phases: 25% in the first phase, 40% in the second phase, and 100% sufficiency in the final phase to support food security.

Regarding food supply, livestock breeding programs must be implemented to ensure sufficient supplies of eggs, meat, and fish. By doing so, the prices of meat and fish will become reasonably stable. The two national goals are the prosperity of the country and food security. The government must work towards these ambitious goals.

Long-term successful cultivation of industrial raw material crops such as cotton, cocoa, coffee, mango, rubber, and cashew must be pursued. Increased production of industrial products will greatly benefit the country.

Regarding budget expenditure, budget plans must be drafted and expenditures made as planned. Budget spending will stimulate financial circulation, improve supply and demand, and support the development of basic infrastructure. Surplus funds should be used to repair and maintain essential infrastructure such as basic education schools, universities, and colleges. Teaching aids and laboratories required for schools should also be provided. This will help produce qualified human resources and establish standardized schools. Budget allocations should prioritize the education and health sectors.

Efforts must be made to improve knowledge and skills through quality education. Long-term reforms are needed to enhance the basic mindset of the public. Infrastructure improvements are necessary to uplift the morale of students.


Regarding healthcare, many hospitals are still incomplete. Hospitals must be visually appealing and staffed with competent personnel to gain the full trust of the public. Necessary physical and medical equipment must be provided. Housing for education and health workers must also be addressed.

Regarding transportation and communication, roads must be improved, and trees should be planted along roadsides to provide shade. Smooth roads and well-constructed bridge approaches are essential. All available resources must be utilized during this period to promote national and economic development.

Union ministers and region/state chief ministers reported on the following: accurate data on paddy cultivation areas and yields, progress toward achieving targets, support provided by the state including inputs, ensuring smooth and accurate commodity flows, stabilizing commodity prices, ensuring accurate voter lists and polling station arrangements for a successful free and fair multi-party democratic election, the reopening and operation of basic schools and universities that were temporarily closed,

*See Page 13*

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives a delegation led by Chairman of Vietnam-Myanmar Friendship Association



Senior General Min Aung Hlaing receives Chairman of Vietnam-Myanmar Friendship Association Mr. Chu Cong Phung.

**Nay Pyi Taw October 16**

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing received a delegation led by Chairman of Vietnam-Myanmar Friendship Association Mr. Chu Cong Phung this morning.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, Union Minister for Transport and Communication U Mya Tun Oo, and Deputy Minister for Foreign Affairs U Ko Ko Kyaw. The Vietnam-Myanmar Friendship Association Chair was accompanied by members of the delegation.

At the call, both sides cordially discussed promotion of friendship and cooperation between Myanmar and Vietnam, assistance provided by Vietnam in the aftermath of the Mandalay earthquake, Myanmar's political developments, preparations for a free and fair election and invitation of international observers, promotion of cooperation in agricultural, production and tourism businesses, and enhancement of trade and investment between the two countries.

After the call, the Senior General and the Vietnamese guest exchanged commemorative gifts and posed for documentary photos. 100

*From Page 12*

the implementation progress of projects according to policies, and the clearance and reconstruction efforts for damages caused by earthquakes.

Then, Commission Secretary and Joint Executive Chief General Ye Win Oo reported to the meeting on seizures of narcotic drugs and illegal unlevied goods and operations of online gambling and prevention of them in states and regions.

Afterward, Vice-Chairman of the commission Vice-Senior General Soe Win reported to the meeting on the needs for responsible officials to place special emphasis on security measures during election campaigns and election phases, to take special measures to compile correct voters' lists and avoid faults in all sectors by taking lessons from the 2020 election and other steps to be taken by respective ministries, states and regions for compilation of correct voters' lists.

Then, the Senior General made concluding remarks, saying a population census was conducted to get precise and correct voters' lists in the election and it is important to compile correct voters' lists. It is necessary to assign duties in voting booths systematically. The election commission and regional and state governments are required to scrutinize measures to achieve proper and correct tasks. In the election, it is necessary to elect candidates who uphold "Our Three Main National Causes" and have political, security, economic and administrative visions and can really serve the interests of the country.

It will be beneficial if bee breeding is carried out in combination with agriculture tasks. It is also possible to cultivate mushrooms that are appropriate for climate and land condition of respective regions and states. It is necessary to produce more vegetables such as potatoes, onions and chilies.

In using timber, permissions to use timber will be issued in accordance with rules and regulations. Systematic measures must be taken to prevent illegal logging and environmental conservation tasks must be carried out on the other hand. We have adopted and implemented mottos "Let us encourage production for prosperity of the Nation," "Let us ensure education sector for the development of the Nation," and "Let us protect our environment for the prosperity of the Nation," and it is necessary to do accordingly. After the remarks of the Senior General, the meeting concluded. 100

# Phaungpyin Township to plant over 5,000 acres of winter seed corns and millets

**Phaungpyin October 16**

A total of 5,455 acres of seed corns and millets will be planted in the upcoming winter crop planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to the statistics of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, 820 acres of seed corns and 4,635 acres of millets will be planted in Phaungpyin Township, totaling 5,455 acres. The planting will begin from October this year and continue until December.

"We will work to achieve the target acreage. Currently, corns can be planted more than the target acreage. We will provide education to help the corns grow successfully and prevent the spread of pests and diseases," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over 500,000 kyats. 206



A thriving seed corn plantation.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Anduril ကုမ္ပဏီက သံချပ်ကာယာဉ်တွင် Spark ရေဒါတပ်ဆင်ရန် GDLS ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည်



အမေရိကန်အခြေစိုက် Anduril Industries ကုမ္ပဏီသည် Spark ရေဒါကို သံချပ်ကာယာဉ်များနှင့် ပလက်ဖောင်းများတွင် တပ်ဆင်ရန်အတွက် General Dynamics Land Systems (GDLS) ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလုပ်ငန်းစဉ်သည် မြေပြင်အတွက် လက်ရှိ ထောက်လှမ်းရေးစနစ်များထက် ပိုမိုမြန်ဆန်သော ဒရုန်းများနှင့် တိကျပဲ့ထိန်းခဲယမ်းများကဲ့သို့သော ခြိမ်းခြောက်မှုများကို ဦးတည်တန်ပြန်ရန်ဖြစ်သည်။

ဤပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် Anduril ကုမ္ပဏီ၏ ဆော့ဖ်ဝဲစနစ်ဖြင့် မောင်းနှင်ထားသည့် အာရုံခံကိရိယာများနှင့် စစ်ဆင်ရေးစီမံခန့်ခွဲမှုနည်းပညာများကို GDLS ကုမ္ပဏီထုတ် ယာဉ်ဒီဇိုင်းများတွင် ထုတ်လုပ်ရေးလုပ်ငန်းစဉ် အစပိုင်းကတည်းက ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး နောက်ပိုင်းမှ ပြန်လည်ပြင်ဆင်တပ်ဆင်ခြင်းမျိုးကို ရှောင်ရှားသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒါဟာ မြေပြင်သွားယာဉ်တွေက ခြိမ်းခြောက်မှုတွေကို ဘယ်လိုထောက်လှမ်းပြီး တုံ့ပြန်မလဲဆိုတာကို မြှင့်တင်ခြင်းအားဖြင့် အနာဂတ်စစ်ပွဲတွေမှာ မြေပြင်သွားယာဉ်တွေရဲ့ အရေးပါမှုကို ပူးပေါင်းဖော်ဆောင်ခြင်းပါပဲ။ Spark ရေဒါကို General Dynamics Land Systems (GDLS) ကုမ္ပဏီရဲ့ ထုတ်လုပ်ရေးစနစ်တွေမှာ ပေါင်းစည်းတပ်ဆင်လိုက်ခြင်းအားဖြင့်၊ စစ်ရေးလှုပ်ရှားမှုပုံစံအမျိုးမျိုးမှာ ပိုမိုခိုင်မာတဲ့၊ အလွှာလိုက်ကာကွယ်ရေးအတွက် အခြေခံအုတ်မြစ်ကို ချပေးလိုက်တာဖြစ်ပါတယ်။ ဒါဟာ ဒီနေ့ခေတ်စစ်မြေပြင်မှာ စစ်သည်တွေ ရွေ့လျားစစ်ကစားနိုင်ဖို့နဲ့ အသက်ရှင်သန်နိုင်ဖို့ လိုအပ်တဲ့ကာကွယ်မှုကို ရရှိစေဖို့အတွက် အရေးပါတဲ့ခြေလှမ်းတစ်ရပ်ပါ"ဟု Anduril ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

Anduril ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ စစ်ရေးလှုပ်ရှားမှုများကို ကာကွယ်ရန် တည်ဆောက်ထားသည့် Spark ရေဒါသည် ၎င်းတို့၏ အမျိုးအစားတူများတွင် အကောင်းဆုံးအကွာအဝေး၊ အလျင်နှုန်းနှင့်တိကျမှုတို့ဖြင့် လေကြောင်းနှင့်မြေပြင် ခြိမ်းခြောက်မှုနှစ်မျိုးစလုံးကို ထောက်လှမ်းနိုင်ရန် ကုမ္ပဏီအင်ဂျင်နီယာများက ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရေဒါမှရရှိသောအချက်အလက်များကို Lattice ဟုခေါ်သည့် ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုဆော့ဖ်ဝဲမှတစ်ဆင့် အခြားယာဉ်များနှင့် ကွပ်ကဲရေးဌာနချုပ်များသို့ မျှဝေဖြန့်ဖြူးပေးခြင်းဖြင့် စစ်ယာဉ်တန်းတစ်ခုလုံးကို စုပေါင်းကာကွယ်မှုပေးနိုင်စေမည်ဖြစ်သည်။

အဆိုပါ Spark ရေဒါသည် အမေရိကန်စံနှုန်း သတ်မှတ်ချက်အရ အုပ်စု(၁)ဒရုန်းများကို ၁၀ ကီလိုမီတာထိ၊ အုပ်စု (၃) မောင်းသူမဲ့လေယာဉ်စနစ်များကို ၁၈ ကီလိုမီတာထိနှင့်မြေပြင်သွားယာဉ်များကို ၁၂ ကီလိုမီတာထိ ခြေရာခံနိုင်စွမ်းရှိကြောင်း သိရသည်။

ဤပေါင်းစည်းမှုသည် အာရုံခံကိရိယာများ၊ ရေဒါများနှင့် ကွပ်ကဲမှုဌာနများကို စစ်ရေးဖွဲ့စည်းမှုပုံစံအမျိုးမျိုးနှင့် ချိတ်ဆက်ပေးခြင်းဖြင့် အနာဂတ်တိုက်ပွဲများအတွက် ဖြန့်ကြက်ထားသည့် ယာဉ်မျိုးစုံပါ ကာကွယ်ရေးစနစ်ကို အကောင်အထည် ဖော်ရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်ကြောင်း သိရသည်။

ဤရေဒါကို ပထမဦးစွာ သံချပ်ကာယာဉ်များတွင် စတင်တပ်ဆင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ကွပ်ကဲမှုဌာနချုပ်များ၊ ဒုံးကျည်ပစ်လွှတ်မှုစနစ်များနှင့် အခြောက်ပစ်ခတ်မှုနေရာများထိ တိုးချဲ့တပ်ဖြန့်သွားရန် စီစဉ်ထားသည်။ Spark ရေဒါကို ယာဉ်ပလက်ဖောင်းများတွင် အစကတည်းက တည်ဆောက်ထည့်သွင်းခြင်းသည် ပိုမိုတင်းကျပ်သော ပေါင်းစည်းမှု၊ စွမ်းဆောင်ရည် မြင့်မားကောင်းမွန်မှုနှင့် စစ်ယာဉ်တန်း သို့မဟုတ် စစ်ကြောင်းတစ်ခုလုံးအတွက် လွှမ်းခြုံကာကွယ်ပေးနိုင်မှုကို ရှင်းရှင်းလင်းလင်းလုပ်ဆောင်နိုင်စွမ်းရှိမည်"ဟု Anduril က ထုတ်ပြန်ပြောကြားခဲ့သည်။

**Anduril, General Dynamics Partner to Deploy Networked Battle-field Radar ကို ဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များဝယ်ယူဖြည့်တင်းရန် ပြည်တွင်းကုမ္ပဏီနှင့် လက်မှတ်ရေးထိုး

အိန္ဒိယနိုင်ငံသည် Hard-Kill နည်းလမ်းပါဝင်သည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ ဝယ်ယူဖြည့်တင်းနိုင်ရန်အတွက် ပြည်တွင်း Zen Technologies Limited ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၄၄၄၀၀၀ တန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစနစ်များသည် အာရုံခံကိရိယာများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းပညာနှင့် အရွေ့စွမ်းအင်သုံးကြားဖြတ်တိုက်ခိုက်ရေး နည်းလမ်းများကို ပေါင်းစပ်အသုံးပြုကာ ရန်သူဒရုန်းများကို ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဤစာချုပ်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် အောက်တိုဘာလထိ ၁၂ လအတွင်း အပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်စပ်ဒေသများနှင့် အဓိကအခြေခံအဆောက်အအုံများတွင် တိုးပွားလာနေသောဒရုန်းခြိမ်းခြောက်မှုများကြားမှ အိန္ဒိယ၏ တန်ပြန်မောင်းသူမဲ့လေယာဉ်တိုက်ဖျက်ရေးစနစ် စွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

စောင့်ကြည့်ထောက်လှမ်းရေး၊ မှောင်ခိုကူးမှုနှင့် ဘက်မညီစစ်ဆင်ရေးများအတွက် ဒရုန်းများကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ ဖြန့်ကြက်ချထားခြင်းသည် မဟာဗျူဟာမြောက် လိုအပ်ချက်တစ်ရပ်ဖြစ်လာကြောင်း၊ ခိုင်မာအားကောင်းသော ပြည်တွင်းကုမ္ပဏီများမှ ဒီဇိုင်းဆွဲကာ ထုတ်လုပ်ထားသော နည်းပညာမြင့်ထုတ်ကုန်များ၏ အရေးပါမှုကို ဤမှာယူမှုက မီးမောင်းထိုးပြနေပြီး ကျွန်တော်တို့၏ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး(R&D) အတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုများကိုလည်း အတည်ပြုလိုက်ခြင်းပင်ဖြစ်ကြောင်း၊ အိန္ဒိယ၏ ကာကွယ်ရေးဆိုင်ရာ ခေတ်မီရေးနှင့် ကိုယ်ပိုင်ရပ်တည်နိုင်ရေး ကြိုးပမ်းမှုများတွင် ဆက်လက်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း Zen Technologies Limited ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အုပ်ချုပ်မှုဒါရိုက်တာ Ashok Atluri က ပြောကြားခဲ့သည်။



အိန္ဒိယနိုင်ငံသည် ပြည်တွင်းမှ ထွက်ရှိလာသည့် ကာကွယ်ရေးနည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုများကို အာရုံစိုက်ကာ ၎င်း၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နေပြီး နယ်စပ်ဒေသကာကွယ်ရေးကို အဆင့်မြှင့်တင်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် အိန္ဒိယကြည်းတပ်သည် ယခုနှစ်အစောပိုင်းက ပါကစ္စတန်နိုင်ငံနှင့် ပဋိပက္ခများဖြစ်ပွားခဲ့သော မြို့များအနီးတစ်ဝိုက်တွင် ကာကွယ်ရေးကို အားဖြည့်ရန်အတွက် Advanced Weapons and Equipment Indiaကုမ္ပဏီထံမှ AK-630 လေကြောင်းရန်ကာကွယ်ရေး လက်နက်ခြောက်စုံကို အမြန်ဝယ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါလက်နက်ဝယ်ယူမှုများသည် အိန္ဒိယနိုင်ငံ၏ အမျိုးသားလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ရေရှည်အားဖြည့်ပေးမည့် Mission Sudarshan Chakra စီမံချက်အောက်တွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

**India Taps Zen Technologies for Hard-Kill Anti-Drone Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၂၁၈၇၁ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၂၁၈၇၁ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၁၈၇၁ ကေ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၅ ဒသမ ၉၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲ ၃၃၃၄၂ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခု လက်ရှိနုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ၂၁၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၂၁၀၁၅ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ကေ၊ ပုလဲမြို့နယ်တွင် ၆၈ ကေ စုစုပေါင်း ၂၁၈၇၁ ကေတို့ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



" ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ မနောသုခဆန်အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်အိတ်တွေနဲ့ယှဉ်ရင်ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လက်ရှိအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု မအူပင်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ဝင်အိတ်ရေတစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်အိတ်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော်အောက်တိုဘာ ၁၆**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဝါစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပေါက်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် ၄၃၅ သိန်း ထုတ်ချေးပေးထားကြောင်း ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**သူသူ**






# ငဖဲမြို့နယ် ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေး



**ငဖဲ အောက်တိုဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ပေါင်းကလေး ကျေးရွာအုပ်စု ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးယူမည့် အသင်းဝင်များအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည့်အချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ပေါင်းကလေးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ စတုတ္ထအကြိမ်အဖြစ် ဆီထွက်သီးနှံ စိုက်ပျိုးမည့်တောင်သူ ၁၀၇ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

**ဇင်မာ**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နောင်လာမည့် အစိုးရအတွက် ကြိုတင်ပြင်ဆင်၍ရအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားလိုကြောင်း။

အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊အလားတူ နိုင်ငံတော်လုံခြုံအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရှိသေရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ ခိုင်မာသည့်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာဖြင့် ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးကြီးဆုံးအချက်ဖြစ်သည့် နိုင်ငံတော်၏ လူမှုစီးပွားမြှင့်တင်ရေးအတွက်

**စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်၊ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ် . . .**

မဖြစ်မနေ လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့်စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ အဆိုပါ လူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါး ကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် **စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်**ကြောင်း၊ **ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုကိုတစ်ပါတည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံ၍ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသား စိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီမှု မရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေးဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ စိုက်ပျိုးမြေများ ကောင်းမွန်စေရေး လိုအပ်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့် အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့်တတ်နိုင်သည့်ဘက်မှကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများ ကိုယ်တိုင်ကလည်း ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများ အနေဖြင့်ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းဆီဖူလုံမှုရှိစေရေး နေကြာစိုက်ကေများတိုးချဲ့ခြင်းနှင့် ကော်ဖီများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ကေများတိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှမ်းနှင့် မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့် ပတ်သက်၍လည်း ယခင်ကတည်းက ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝမစိုက်ပျိုးခြင်းနှင့် အခြားနည်းများဖြင့် သုံးစွဲခြင်းများပြုလုပ်ခြင်းများကြောင့် ထိုက်သင့်သလောက် အောင်မြင်မှုများမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးမြေများပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ခွင့်ပြုပေးထားပြီး အပြည့်အဝစိုက်ပျိုးကြရန်လိုကြောင်း။

စက်မှုသီးနှံနှင့်ပတ်သက်၍ ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိကြောင်း၊ ဝါသည် ရာသီသီးနှံဖြစ်ပြီး ကြံသည် နှစ်တိုသီးနှံဖြစ်ကြောင်း၊ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့သော သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်ကြောင်း၊ ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်း ဝါစိုက်ဧကငါးသိန်းခန့်ရှိကြောင်း၊ လက်ရှိ စိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ စီးပွားရေး တိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများ လုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အသားငါးများဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များ တည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ဒေသတွင်နေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့်တိုးမြှင့်မွေးမြူဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ လူဦးရေ ခုနစ်သန်းရှိပြီး လူဦးရေတစ်ဝက် သုံးသန်းခွဲတွင် ကြက်ဥတစ်ရက်လျှင် တစ်လုံးစားပါက ကြက်ဥအလုံးရေသုံးသန်းခွဲလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြက်ဥသုံးသန်းခွဲရရှိရန်အတွက် ကြက်အကောင်ရေလေးသန်းခန့် မွေးမြူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့်တိုးမြှင့် စီမံချက်ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စားသောက်ရေးအတွက် လိုအပ်သည့် ဥနှင့် အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသားငါးများ၏ ဈေးနှုန်းများလည်း အထိုက်အလျောက် သင့်တင့်မျှတလာမည်ဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်

⚐ **ရှေ့ဖုံးမှအဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ချိန်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီမှုများဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားကဏ္ဍတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဓ၀၁)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Mr. Chu Cong Phung တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်းသုံးစွဲရန်လို၊ ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်၊ ဘတ်ဂျက်နှင့်ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလို . . .**

ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဝါ၊ ကိုကိုး၊ ကော်ဖီ ၊ သရက်၊ ရော်ဘာ၊ သီဟိုဠ် စသည့်စက်မှုကုန်ကြမ်း သီးနှံအပင်များ စိုက်ပျိုးခြင်းကိုလည်း ရေရှည်အတွက် အောင်မြင်အောင်စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

**ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်း သုံးစွဲရန်လိုကြောင်း၊ ဘတ်ဂျက်များသုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်**ကြောင်း၊ အခြေခံအဆောက်အအုံများ လိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့်ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်းတည်ဆောက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့်သင်ထောက်ကူပြုဓာတ်ခွဲခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ သို့မှသာပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး စံချိန်မီသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ဘတ်ဂျက်နှင့်ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလို**ကြောင်း။

မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာကောင်းမွန်စေရေး အတန်းပညာများ ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏ အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အအုံများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ မပြည့်စုံသေးသည့် ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများ ရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝ ယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံများအတွက် လိုအပ်သည့် ဥပမိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာ လိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုနှင့် ပတ်သက်၍ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လမ်းများအားလုံး လမ်းဘေးဝဲယာတွင် အရိပ်အာဝါသများ ကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လိုကြောင်း၊ အလားတူ လမ်းများ ကောင်းမွန်ချောမွေ့နေစေရေးနှင့် တံတားအတက်အဆင်းများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဓိကအားဖြင့် နိုင်ငံတိုးတက်စေရန်၊ စီးပွားရေးအရ တိုးတက်စေရန် ရရှိနေသည့်ကာလအတွင်း ရသမျှ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်စပါးစိုက်ပျိုးကေများနှင့်အထွက်နှုန်း မှန်ကန်မှုရှိစေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်က သွင်းအားစုများ အပါအဝင် အခြားထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲရုံများလျာထားဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ခေတ္တပိတ်ထားခဲ့ရသည့်အခြေခံပညာကျောင်းများနှင့်တက္ကသိုလ်များပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုအခြေအနေ၊ မူဝါဒများနှင့်အညီ စီမံကိန်းများ ရာခိုင်နှုန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို ဖယ်ရှားရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုအခြေအနေများ၊ တရားမဝင် အကောက်အခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေ၊ တရားမဝင် အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လာမှုနှင့် တားဆီးကာကွယ်ရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မဲဆွယ်ကာလနှင့် ရွေးကောက်ပွဲကျင်းပမည့်အပိုင်းများအလိုက် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအထူး အလေးထားဆောင်ရွက်ရန်၊ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏အမှားကို သင်ခန်းစာယူ၍ ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်မှုနှင့် ကဏ္ဍစုံအမှားအယွင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအလိုက်၊ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မဲစာရင်း မှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန် လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျ မှန်ကန်သည့်မဲစာရင်းများ ရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းများမှန်ကန်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ မဲရုံတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း။**

စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းစေကြောင်း၊ မိမိတို့ဒေသအလိုက် ရာသီဥတုမြေအနေအထားနှင့်ကိုက်ညီသည့်မှိုစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်သီး စသည့်သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသွားကြရန်လိုကြောင်း။

သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက်လိုအပ်သည့် သစ်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တရားမဝင်ခုတ်ယူမှုများ မရှိစေရေးအတွက်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်ဆောင်ပုဒ်များကို ချမှတ်ထားပြီး ဆောင်ပုဒ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (ဓ၀၁)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

## တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ် ၄၃/၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

### တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းအောင် | မကွေးတိုင်းဒေသကြီး တရားလွှတ်တော် |
| (၂) | ဒေါ်မာလာထွဋ် | ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် |
| (၃) | ဦးသောင်းထွေး | ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် |

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## ဘဏ်ပိတ်ရက် ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက် (တနင်္လာ)နေ့ "ဒီပါဝလီနေ့" သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက် မြင့်တက်လာနိုင်

နေပြည်တော် အောက်တိုဘာ ၁၆

ယနေ့မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာနိုင်နိုင်လတ်<br>ဒုတိယပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ၂၀၀ ကျပ်တန် ရှစ်လုံးပါ Block of Stamp အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းရင်းသားလူမျိုးများ**



နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးများအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ၂၀၀ ကျပ်တန် ရှစ်လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် အောက်တိုဘာ ၂၀ ရက် (တနင်္လာနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# "ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၆**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အစီအစဉ်အဖြစ် "ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း" အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာမှ ဆွေးနွေးကြမည့် ပြည်ပပညာရှင်များ၊ လေ့လာသူများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများတက်ရောက်ကြသည်။

ထို့နောက် "ပဋိပက္ခဖြန့်ဖြေရေးလုပ်ငန်းများနှင့်ရွေးကောက်ပွဲများ၌ လူထုပါဝင်ရေး စည်းရုံးရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းအစီအစဉ် ဆောင်ရွက်ရာ သဘာပတိ အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များက ရွေးကောက်ပွဲ၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲအလွန် ရှေ့လုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အရပ်သားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ အခန်းကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တတိယအုပ်စုမှ ကြားဝင်စေ့စပ်ပေးခြင်းနှင့်အကျိုးဆောင်ခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဦးဆောင်ဆွေးနွေးကြသော ပညာရှင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများသည် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးခြင်းအစီအစဉ်ကို ဆောင်ရွက်ရာ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က "ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် လက်နက်ကိုင်မဟုတ်သည့် လူမှုအသိုက်အဝန်းများ၊ အရပ်ဘက် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့်အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း"တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)က "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရာ၌ ပထဝီစီးပွားရေးဆိုင်ရာအခွင့်အလမ်းများကိုဖော်ထုတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍကို မြှင့်တင်ခြင်းနှင့်အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများဖော်ထုတ်ခြင်း"၊ "မြန်မာနိုင်ငံ၏ငြိမ်းချမ်းသာယာသောအနာဂတ်တည်ဆောက်ရန်အတွက် နိုင်ငံ၏လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း"တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြရာ သဘာပတိများက အမှာစကားများပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများဖော်ထုတ်၍ စီးပွားရေးအခန်းကဏ္ဍမြှင့်တင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို နိုင်ငံ၏လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျဆက်လက်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍လည်း အသေးစိတ်ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နမ့်စန်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်



နမ့်စန်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

လူငယ်လူရွယ်များ ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်း စည်းလုံးညီညွတ်မှုပိုမိုခိုင်မာလာစေရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြုလုပ်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံး ပြိုင်ပွဲတွင် အမှတ်(၅)ရပ်ကွက်အသင်းက ဆုဖလားရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နမ့်စန်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲစဉ်ဖြစ်သည့် အမှတ်(၅)ရပ်ကွက်အသင်းနှင့် အမှတ်(၉)ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင် အမှတ်(၅)ရပ်ကွက်အသင်းက အမှတ်(၉)ကျေးရွာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဆုဖလားရရှိသော အမှတ်(၅)ရပ်ကွက်အသင်းတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဆုဖလားတို့ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့တွင် စစ်တွေတပ်နယ်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၅၄၃ ဦးအတွက် ကျောင်းဝတ်စုံ ၅၄၃ စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။




ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွင်း ၁၉၉၃ ခုနှစ်မှ စတင်လက်မှတ်ရေးထိုးခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများကိုတိုက်ဖျက်ရာတွင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အလွန်အရေးပါသော ယန္တရားတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မဲခေါင်မြစ်ဝှမ်းဒေသအတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် မူးယစ်ဆေးစွဲကုသမှုပေးရေး၊ ကြိုတင်ကာကွယ်အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ပူးတွဲစစ်ဆင်ရေးများကို အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိနေပါကြောင်း၊ လူလုပ်မူးယစ်ဆေးဝါး(Synthetic Drug) ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် မဲခေါင်ဒေသတွင်းနိုင်ငံများအတွက် စိုးရိမ်ဖွယ်ရာအခြေအနေတစ်ရပ်ဖြစ်လာပါကြောင်း၊ Happy Water ကဲ့သို့ လူလုပ် မူးယစ်ဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှပေါ်ထွက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးပေါင်းအကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်၊ အကောက်ခွန်တို့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရေးစီမံချက်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုအပေါ်အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် ထုတ်လုပ်သည့်ပုံစံများတွင် နည်းလမ်းအမျိုးမျိုးနှင့် ပုံစံအသစ်များ အသုံးပြုလာမှုကြောင့် စုံစမ်းဖော်ထုတ်နိုင်ရန် အခက်အခဲများလည်းရှိနေပါကြောင်း။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသပြင်ပမှ ဓာတုဗေဒပညာရှင်များသည် ဥပဒေအရ ထိန်းချုပ်ထားသော ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများကို အစားထိုးအသုံးပြုလာကြပြီး မူးယစ်ဆေးဝါးချက်သည့်နေရာများသို့ ဝင်ရောက်နေသည့်အတွက် အဆိုပါဓာတုပညာရှင်များကို ထိန်းချုပ်တားဆီးနိုင်ရေး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပို့စေလိုပါကြောင်းနှင့် တရားခံများဖမ်းဆီးရမိရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဘေးကင်းလုံခြုံသော မဲခေါင်ပူးတွဲစစ်ဆင်ရေးကို ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ဒေသတွင်းနိုင်ငံများနှင့် အထူးစစ်ဆင်ရေးများတွင် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင် ဦးဆောင်သော ကိုယ်စားလှယ် ၁၅ ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့မှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ် ၄၃ ဦး တက်ရောက်၍ ဒေသခွဲလုပ်ငန်းစီမံချက် ၁၂ ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ MoU ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးခြင်း၊ ၆၈ ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင်အစည်းအဝေး၏ ရလဒ်တို့ကို ဆွေးနွေးခြင်း၊ မဲခေါင် MoU လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ တင်ပြခြင်း၊ ဒေသခွဲလုပ်ငန်းစီမံချက် ၁၃ ကို ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံအလိုက် ကြိုးပမ်းဆောင်ရွက်ရန် အကြံပြုခြင်းနှင့် ကတိကဝတ်ပြုခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်းနှင့် မဲခေါင် MoU အစည်းအဝေးကို အောက်တိုဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်) ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်)ကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့ထိ အခြေခံပညာကျောင်း လေးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



ကျောက်မဲမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၅၈၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၃၆၃၆ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အတူ ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၉၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာတစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညို



**ရန်ကုန် အောက်တိုဘာ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် ဇနီးတို့သည် ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ကြည်ညိုလေ့လာကြသည်။

ဦးစွာ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုကြပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး အောက်ပစ္စယာသိင်္ဂုတ္တရဥယျာဉ်တော်၊ ရှင်ဥပဂုတ္တမဂ်လာကန်တော်အတွင်းရှိ ငါးများကို ငါးစာကျွေး၍ ကုသိုလ်ပြုကြသည်။

ထို့အတူ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr.Vyacheslav KALGANOV နှင့် ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"မြန်မာ့ကျောင်းသီချင်း"** ဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ကဗျာလွတ်အကဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးသို့ ရောက်ရှိပြီး ကော်မတီရုံး၌ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍သီလဝါအထူးစီးပွားရေးဇုန်ကိုလည်းကောင်း၊ ကျောက်တန်းမြို့ ဆေးဘိုဝကျေးရွာရှိ ချစ်ခြင်းမေတ္တာပရဟိတဂေဟာကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

**( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၂၁၂၆၈
(၂) ၀၅၂-၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၈၉
(၂) ၀၆၃-၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၄၂၁၇၄၂၄၂၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | ၄။ Myawady Webportal | ၅။ Myanmar National Portal |
| (https://www.mod.gov.mm) | (https://www.mlis.gov.mm) | (https://www.moi.gov.mm) | (https://myawady.net.mm) | (https://myanmar.gov.mm) |

# မြစ်ကြီးနားမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အဆိုပါကျေးရွာရှိ ဝဲကြီးကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ် ကံရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို အဆိုပါကျေးရွာရှိ သစ္စာရောင်ခြည်ဓမ္မာရုံ၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့လယ်ရပ်ကွက်ရှိ မြေစာရင်းရုံးမီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ မြေစာရင်းရုံးနှင့် ပြည်သူပိုင် အဆောက်အအုံများ မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါဟိုတယ် မီးလောင်နေမှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

အတူတကွပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကိုလည်း ခေတ္တစိုးမိုးပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ပြန်လည် သိမ်းပိုက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် သီပေါမြို့အဝင် Toll Gate သို့ရောက်ရှိစဉ် မြို့တွင်းမှ မီးခိုးလုံးများ တွေ့ရှိသဖြင့် မြို့တွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာ အဆောက်အအုံများဖြစ်သည့် အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များကို ရက်စက်ယုတ်မာစွာ မီးရှို့ထွက်ပြေးသွားကြောင်း သိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေးအတွက် မီးငြိမ်းသတ်နိုင်ရေးနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဗြိတိန်နိုင်ငံတွင် အပူချိန်မြင့်တက်နေသဖြင့် အရေးပေါ်ပြင်ဆင်မှုများ လိုအပ်ကြောင်း ရာသီဥတုပြောင်းလဲမှုကော်မတီက သတိပေးထား



**လန်ဒန် အောက်တိုဘာ ၁၆**

ဗြိတိန်နိုင်ငံတွင် အပူချိန်မြင့်တက်နေသဖြင့် အရေးပေါ်ပြင်ဆင်မှုလိုအပ်ကြောင်း ရာသီဥတုပြောင်းလဲမှုကော်မတီက အောက်တိုဘာ ၁၅ ရက်တွင် သတိပေးထားကြောင်း သိရသည်။

၂၀၅၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံ၏အပူချိန်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်ဒီဂရီစင်တီဂရိတ်ထိ တက်လာနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုသည် ပြည်သူ့ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အခြေခံ အဆောက်အအုံများအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေကြောင်း၊ အပူချိန်မြင့်တက်မှုက ဒေသတချို့တွင် မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေကြောင်း နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကော်မတီ (CCC) က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်မှုအတွက် အရေးပေါ်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြင်ဆင်မှုများ ပြုလုပ်ရာတွင် ဦးစားပေး ပြင်ဆင်မှုအနေဖြင့် ပြည်သူ့ကျန်းမာရေး၊ အစားအစာလုံခြုံမှု၊ အခြေခံအဆောက်အအုံတည်ဆောက်မှု၊ မြို့ပြနှင့် မြို့နယ်များကို ရာသီဥတုပြောင်းလဲမှုများမှ ကာကွယ်ရေး၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်သော စီးပွားရေးတိုးတက်မှု စသည်တို့ကို ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အပူချိန်မြင့်တက်မှုသည် အလွန်မြန်ဆန်နေကြောင်း၊ လက်ရှိတွင် ကမ္ဘာ့အပူချိန်သည် ၁ ဒသမ ၃ ဒီဂရီစင်တီဂရိတ်မှ ၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရှိနေပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ဥရောပသိပ္ပံအေဂျင်စီများ၏ ကောက်ယူထားသောစစ်တမ်းများအရ သိရသည်။

Ref : Sputnik News
Trs : KZ

# အင်ဒိုနီးရှားနိုင်ငံတွင် လီဝိုတိုဘီလာကီ-လာကီမီးတောင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးငွေ့များ မီးတောင်ပတ်ဝန်းကျင် ၁၀ ကီလိုမီတာထိ ပျံ့နှံ့ရောက်ရှိနေ

**ဂျကာတာ အောက်တိုဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံ အရှေ့နူဆာတန်ဂါရာစီရင်စုတွင် လီဝိုတိုဘီလာကီ-လာကီမီးတောင် အောက်တိုဘာ ၁၅ ရက် နံနက်အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ မီးခိုးငွေ့များ ထွက်ပေါ်ကာ မီးတောင်အနီးပတ်ဝန်းကျင် ၁၀ ကီလိုမီတာထိ ရောက်ရှိပျံ့နှံ့နေကြောင်း Geological Agency က ထုတ်ပြန်ခဲ့သည်။

မီးတောင်ပေါက်ကွဲမှု အဆင့်မှာမြင့်မားသည့်အတွက် အနီးပတ်ဝန်းကျင်ရှိ ဒေသခံများအတွက် အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း၊ လီဝိုတိုဘီလာကီ-လာကီမီးတောင်အနီးတွင် ကျေးလက်ဒေသ အမြောက်အမြားရှိနေပြီး နေထိုင်သူ လူဦးရေလည်းများပြားသည့်အတွက် မီးတောင်နှင့် အနီးဆုံးနေရာတွင် တည်ရှိသည့် ကျေးလက်ဒေသမှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း Geological Agency က သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"လီဝိုတိုဘီလာကီ - လာကီမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေ ထွက်ပေါ်လာပြီး မီးတောင်အနီးပတ်ဝန်းကျင် ၁၀ ကီလိုမီတာထိ ရောက်ရှိပျံ့နှံ့နေပါတယ်။ အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ မီးခိုးငွေ့တွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Geological Agency မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။



Ref : Russia Today
Trs : Sai Sat

# သဘာဝဘေးဒဏ်ကြောင့်ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး တူကီယဲအစိုးရက ကန်ဒေါ်လာ သန်း ၅၆၀ ခွင့်ပြု

**အင်ကာရာ အောက်တိုဘာ ၁၆**

တူကီယဲနိုင်ငံတွင် ငလျင်အပါအဝင် အခြားသော သဘာဝဘေးဒဏ်များကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် တူကီယဲအစိုးရက အမေရိကန်ဒေါ်လာ သန်း ၅၆၀ ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု အောက်တိုဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်မှစတင်၍ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများကို ပြန်လည် ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် ပြည်သူများအတွက်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ငလျင်ဒဏ်သင့် အခြေခံ အဆောက်အအုံများကို ဦးစားပေး ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး ငလျင်ဒဏ်ကြောင့် ကယ်ဆယ်ရေးစခန်းတွင် နေထိုင်နေရသည့်ပြည်သူများကို နေရပ်သို့ ပြန်နိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တူကီယဲအစိုးရက ထုတ်ပြန်ခဲ့သည်။

"ငလျင်အပါအဝင် သဘာဝဘေးဒဏ်သင့် အခြေခံအဆောက်အအုံတွေ ပြန်လည်တည်ဆောက်ဖို့အတွက် အစိုးရက ရန်ပုံငွေ ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ အဓိကကတော့ ငလျင်ဒဏ်သင့် အဆောက်အအုံတွေကို ပြန်လည်ပြင်ဆင်ပေးသွားမှာ ဖြစ်ပါတယ်။ ငလျင်ဒဏ်ကြောင့် ကယ်ဆယ်ရေးစခန်းတွေမှာနေထိုင်နေရတဲ့ ပြည်သူတွေ နေရပ်ကိုပြန်နိုင်ဖို့အတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့် ရပ်ဆိုင်းထားရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပုံမှန်အတိုင်းလည်ပတ်နိုင်ဖို့အတွက်လဲ ရန်ပုံငွေထဲကနေ အသုံးပြုသွားမှာဖြစ်ပါတယ်"ဟု တူကီယဲဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆမ်ဆစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# မက္ကဆီကိုနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူဦးရေ ၇၀ ခန့်နှင့် ပျောက်ဆုံးသူ ၇၅ ဦးရှိလာ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၆**

မက္ကဆီကိုနိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အောက်တိုဘာလ ဒုတိယပတ်ကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူဦးရေ ၇၀ ခန့်နှင့် ပျောက်ဆုံးသူ ၇၅ ဦးရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ပွားကာ သေဆုံးသူ ဦးရေ ၇၀ ခန့်နှင့် ပျောက်ဆုံးနေသူ ၇၅ ဦးရှိပြီး လက်ရှိအချိန်ထိ မတွေ့ရှိသေးကြောင်း၊ ပျောက်ဆုံးချိန်ကာလ ကြာမြင့်နေခြင်းကြောင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း သိရသည်။

အစိုးရ၏ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် တပ်မတော်သား စုစုပေါင်း ဦးရေ ၁၀၀၀၀ ကျော်သည် လေယာဉ်၊ ရေယာဉ်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုအင်တိုက်အားတိုက်ဆောင်ရွက်နေကြောင်း၊ လက်ရှိအချိန်တွင် အိမ်ထောင်စုပေါင်း ၁၀၀၀၀ ကျော်ကို ရေဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် နေအိမ် တစ်သိန်းခန့်ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာများကို ဆွေးနွေးရန်နှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ခက်ခဲသောပြည်နယ်တချို့သို့သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်ပေးရန် အစိုးရအနေဖြင့် စီစဉ်နေကြောင်း သိရသည်။

လက်ရှိတွင် လျှပ်စစ်မီးပြတ်တောက်ခဲ့သည့် ပြည်နယ်ငါးခုရှိပြီး နေအိမ်များ၊ အခြေခံအဆောက်အအုံများကို လျှပ်စစ်မီးပြန်လည်ရရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေကြီးရေလျှံမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးကဲ့သို့သော ဗိုင်းရပ်ပိုးများပျံ့နှံ့မှုကိုထိန်းချုပ်ရန်ဆောင်ရွက်ပေးနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လတ်တလော ဖြစ်ပွားနေသည့် ရေကြီးမှုသည် မက္ကဆီကိုနိုင်ငံတွင် နှစ်ပေါင်း ၂၀ အတွင်း အကြီးဆုံး သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်တွင် ထပ်မံကြုံတွေ့ရနိုင်ကြောင်း ရာသီဥတုကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။

Ref : Russia Today
Trs : KZ

# စပိန်နိုင်ငံ ကတ္တလိုနီးယားပြည်နယ်တွင် ရေဘေးအန္တရာယ် ရင်ဆိုင်ရနိုင်သဖြင့် အနီရောင်သတိပေးချက် ထုတ်ပြန်

**မက်ဒရစ် အောက်တိုဘာ ၁၆**

စပိန်နိုင်ငံ ကတ္တလိုနီးယားနယ်မြေတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေဘေးအန္တရာယ် ရင်ဆိုင်ရနိုင်သဖြင့် ကတ္တလိုနီးယားနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက အနီရောင် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း အောက်တိုဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးရေချိန်သည် မီလီမီတာ ၁၈၀ ထိ မြင့်တက်ခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရတော့မည်ဖြစ်သည့်အတွက် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်သွားရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ကတ္တလိုနီးယားပြည်နယ်ကို ရေဘေးအန္တရာယ်နှင့်ပတ်သက်ပြီး အနီရောင်အဆင့် သတ်မှတ်ကြောင်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနဖြစ်သည့် Aemet က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မိုးရေချိန် မြင့်မားစွာရွာသွန်းနေပါတယ်။ အချိန်တိုအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်။ ရေကြီးရေလျှံမှုအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားတဲ့အတွက် မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒေသခံတွေအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားဖို့ လိုအပ်ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေအနေနဲ့လဲ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက် နေရာဖြန့်ခွဲပြီး စောင့်ကြည့်တာတွေ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သလို ပြည်သူပိုင်ပစ္စည်းတွေလဲ ပျက်စီးဆုံးရှုံးနိုင်ပါတယ်"ဟု ကတ္တလိုနီးယားနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# လောဘသားကောင်

## နွေကုံကော်(မြို့လှ)



(၁)

နံနက်လင်းခါစ နေရောင်ခြည်ပင် ကောင်းစွာ မထွက်သေး။ နွားတစ်ရှဉ်းထမ်းပိုးတပ်၍ လုပ်ငန်းခွင် ဝင်ရန်ပြင်နေသော သားတော်မောင်အိမ်ရှေ့သို့ ဦးစိန်ဝင်း ရောက်လာခဲ့သည်။ အခုချိန် ဘယ်အိမ်ကမှ နွားထွန်တုံးမတပ်၊ လှည်းမကောက်နိုင်သေး။ လုပ်ငန်းခွင် ဝင်စရာလယ်ယာဟူ၍ အစဖော်မရနိုင်ဘဲ လတ်တလောရှင်းလင်းရေးလုပ်ငန်းများနှင့်ပင် မအားနိုင်ကြသည်မို့ သားဖြစ်သူ၏ လုပ်ရပ်အပေါ် ဦးစိန်ဝင်း နားမလည်နိုင်။

"ဟား မြင့်မောင် အခုမှ နုန်းကခြောက်စရှိသေးတယ်။ မင်းက ဘာထွက်လုပ်အုံးမလို့လဲကွ"

"ကျွန်တော့်သားကြီးနှစ်ကောင်က အစာနည်းနေပြီအဖေရ။ မိုးမကျခင် ရိတ်ထားတာတွေက တော်တော်နည်းလာပြီ။ အခုချိန် ကိုဖိုးဝတို့ တာပေါင်နဲ့ မြစ်ကြားမှာ ရိတ်လို့ရနိုင်သေးတယ်"

"မင်းဟာက နုန်းတွေနဲ့ပါကွာ။ တစ်ကွင်းလုံး ရေဖုံးထားတာ ဘယ်သူမှမသွားကြဘူး။ လူချည်းသွားတာအကြောင်းမဟုတ်ဘူး။ လှည်းနဲ့ နွားနှစ်ကောင်နဲ့ တော်ကြာ ရုန်းမရဖြစ်နေမယ်"

ဦးစိန်ဝင်းက မျက်မြင်တွေ့ထားသည်များကြောင့် နှိုင်းနှိုင်းဆဆပြောသည်။ သို့သော်-

"အိုဗျာ အဖေတို့က နေရာတိုင်းတွေးပူတတ်ရန်ကော။ ဒီကာလ ဘယ်သူမှလုံ့လမစိုက်ရဲလေ ကျုပ်သားကြီးနှစ်ကောင်အတွက် ဝမ်းစိုလေပေါ့။ ပြီးရင် ဒီကောင်တွေအားကိုးပြီးတော့ပဲ သယ်ရ၊ ရွှေ့ရမှာတွေ ရှိသေးတယ်မလား"

" မင်းအစ်ကိုဆီက ယူလို့ရနေတာပဲကွာ။ ဟိုကလဲ ယူပါလို့ပြောပြီးသားဟာ"

"အမယ်လေး အဖေရေ အစ်ကိုမြင့်ဆောင်ဆီကတော့ သူ့မယားနှုတ်ကိုကြောက်လို့ မယူပါရစေနဲ့"

မီးဖိုထဲမှ ချွေးမဖြစ်သူ နှင်းမေက ထိတ်လန့်တကြားသံဖြင့် လှမ်းပြောသည်။ ပြီးနောက် ထမင်းချိုင့်၊ ရေဘူးထည့်ထားသည့် ဆွဲခြင်းတစ်လုံးကိုင်လျက် အပြင်သို့ ထွက်လာကာ-

"အဖေ့ချွေးမကြီးက ပေးတာနည်းနည်း ကြွားတာက များများ။ မသိရင် ဝိသာခါကျောင်းအမ ဝင်စားသလိုလို အမွှမ်းကတင်ချင်သေး"ဟုဆိုလျက် ခြင်းကို လှည်းပေါ်တင်သည်။

"ဟုတ်ပ့ါအဖေရာ သူတို့နဲ့ကင်းကင်းပဲ နေချင်ပါတယ်။ ကဲ နှင်းမေရေ ငါသွားမယ်။ အဖေ ဘာမှ မစားခဲ့ရသေးရင် ခေါက်ဆွဲခြောက်လေးပြုတ်ပေးလိုက်ပါအုံး။ အဖေရေ ဒီကာလတော့ ကျွန်တော်တို့လဲ အများနည်းတူခေါက်ဆွဲခြောက်ပေ့ါ။ ကဲကဲ ကျုပ်သွားပြီဗျာ။ ဟဲ့ သားကြီးတို့ ရုန်းလိုက်ကြအုံးကွာ"

ပြောပြောဆိုဆို နွားနှစ်ကောင် နှင်တံတို့လျက် ခြံဝင်းအတွင်းမှ ထွက်သွားလေသည်။ နွားညီနောင်ခမျာ ဟိုစဉ်ကလို ငေါက်ခနဲ ခြေမကြွနိုင်ရှာကြ။ ဦးစိန်ဝင်းတစ်ယောက် နံနက်စောစော ပထမဆုံး သက်ပြင်းချမိလေတော့သည်။

"အဖေ့အတွက် သမီး ခေါက်ဆွဲလေးပြုတ်လိုက်မယ်လေ"

"နေပါစေကွယ် အဖေ ကိုမြင့်ဆွေတို့ဘက် ပတ်ကြည့်လိုက်ပါအုံးမယ်"

ရာဂိမုန်တိုင်းမှအစပျိုးခဲ့သော တောင်ကျချောင်းရေများတိုးခဲ့မှု၊ ထိုတောင်ကျချောင်းရေများသည် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်းကို ဝင်ရောက်ပူးပေါင်းရာမှ ဆင်သေချောင်းရေလျှံမှုဖြစ်ခဲ့ရပြီး ဆင်သေချောင်းရေများကို နောက်ဆုံးလက်ခံသူက ဦးစိန်ဝင်းတို့ရွာအရှေ့ဘက် နှစ်မိုင်အကွာမှ စစ်တောင်းမြစ်ဖြစ်နေသည်။ ထို့မျှမက မြစ်ညာပိုင်းချောင်းပေါင်းစုံမှရေများစွာ စစ်တောင်းမြစ်ထဲ စုပြုံတိုးဝှေ့ခဲ့ကြသည်မို့ မြစ်ကမ်းဘေးတစ်လျှောက် ရွာစဉ်များ အလူးအလဲခံကြရသည်။ တပ်ကုန်းမြို့နယ်ကလူများလည်း မကြုံစဖူးရေဘေးဒဏ်ကို အိပ်မက်ဆိုးသဖွယ် ကြုံခဲ့ရသည်။

ဦးစိန်ဝင်းတို့ရွာကလေးလည်း ရွာလုံးကျွတ်နီးပါး ရေဘေးရှောင်ခဲ့ရသည်။ အချို့ အနောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးရှိ သကြားစက်တောင်ကုန်းပေါ်သို့ ခဏတိမ်းရှောင်ရသည်။ ယခုမှ ရေပြန်ကျ၍ ကိုယ်စီအိမ်သန့်ရှင်းရေးပြန်လုပ်နိုင်ကြခြင်းဖြစ်သည်။

"ဗျို့ ကိုစိန်ဝင်း ဘာလာဝေတာတုံးဗျ။ ခေါက်ဆွဲခြောက်လား၊ ဆန်လား၊ ဆီလား။ လာလှူသမျှ အနောက်ပိုင်းကလူတွေပဲ တန်းစီယူသွားကြလို့ ကျုပ်တို့အရှေ့ပိုင်းထိ မရောက်ပါဘူးဗျာ"

ကိုမြင့်ဆွေက ပြုံးစစဖြင့် လှမ်းနှုတ်ဆက်သည်။

"မနေ့ညနေပိုင်းက သာဌေးတို့ညီအစ်ကို မြစ်ဆိပ်ကပြန်လာတော့ ပိုက်ဆံထုပ်တွေ ရကြတယ်တဲ့။ အိမ်သုံးပစ္စည်းတွေလဲရလာကြလို့ ကျုပ်တို့ကိုတောင် ဝင်ပြသွားသေးတယ်။ အကောင်းတွေကော၊ အပျက်တွေကောပေ့ါဗျာ။ ကျုပ်တောင်ပြောလိုက်သေးတယ်။ မင်းတို့ကောင်တွေ သူများဒုက္ခမျက်ရည်တွေနဲ့ စွန့်လိုက်ရတဲ့အပူတွေကို အိမ်မသယ်ချင်ကြနဲ့လို့။ သောင်ပြိုနုန်းနစ်ပြီး ကိုယ်ပါရေထဲပါနေအုံးမယ်လို့"

ဦးစိန်ဝင်း ရင်ထဲဒိန်းခနဲဖြစ်သွားသည်။ လှည်းတစ်စီးဖြင့် မြက်ရိတ်သွားမည်ဆိုသည့် သားဖြစ်သူ မြင့်မောင်ပုံရိပ်ကိုမြင်မိစဉ် ကောက်ညှင်းပေါင်းလေးပင် လည်ပင်းဝမှာ တစ်ဆို့ချင်လာသလိုလို ဖြစ်လာသည်။ သူ့သားအကြောင်း သူသိသည်။ အလုပ်လုပ်ချင်စိတ်တော့ရှိ၏။ သို့သော် ခွင်ကောင်းကို အမြဲရှာလေ့ရှိသူမို့ အန္တရာယ်နှင့်ကြုံမည်ကို ဦးစိန်ဝင်း မကြာခဏစိတ်ပူခဲ့ရသည်။ လူပျိုဘဝတုန်းကလည်း လူပျိုဘဝမို့။ သူရှာကျွေးသည့် ငွေများသည် သမ္မာအာဇီဝကျသည်ဟုဆိုသည့်တိုင် သူတစ်ပါးအပေါ် နာတစ်ဖျားအသာရလာသော ငွေများဖြစ်သည်က များသည်။ ကပ်စေးနဲ့ပြီး အချိုအချောင်ရလိုစိတ်က မြင့်မောင်ရော နှင်းမေပါ လင်မယားနှစ်ယောက်စလုံးအတူတူ။

(၂)

"ကဲ ဖေ့သားကြီးတွေ ရှေ့ဆိုရောက်ခါနီးပါပြီကွ။ ကိုဖိုးဝတို့လယ်နားမှာတော့ ရှိကောင်းရှိမှာပါ"

မြင့်မောင် သူ့နွားနှစ်ကောင်ကို အားပေးလျက် ဟိုသည်ဝေ့ကြည့်သည်။ ပြောသာပြောရသည်။ ဘယ်သူ့လယ်ကွက်ဆိုသည်ပင် တိတိကျကျခန့်မှန်းရန် မလွယ်သည့်အခြေအနေ။ လက်ရှိရောက်နေသည့် လမ်းခွဲနှင့် ရှေ့တာပေါင်၊ မလှမ်းမကမ်းမှ သရက်ပင်တို့ကို တိုက်ဆိုင်လျက် ကိုဖိုးဝတို့လယ်ကွက်ဟု မှန်း၍ဆိုလိုက်ရခြင်းဖြစ်၏။

"သားကြီးတို့ ခဏရပ်ကြစမ်း"

ပြောလည်းပြော ကြိမ်ကိုတစ်ချက်ပုတ်လိုက်၏။ သခင့်အလိုသိနေပြီဖြစ်သော နွားတစ်ရှဉ်းက ခြေလှမ်းများပြိုင်တူရပ်လိုက်ကြ၏။ တစ်ဆက်တည်းမှာပင် အနံ့ခံရင်း ဘယ်ညာရှေ့တူရှုဆီ အကြည့်ဖြန့်၏။ မြင့်မောင်အကြည့်များက ရှေ့ညာဘက်ဆီးပင်ခြေရင်း ဒိုက်ပုံများကြားမှ အားယူစနေရောင်ခြည် အလင်းအောက်ဝယ် တစ်ချက်တစ်ချက် လက်ခနဲ ပြသည့်အရာတစ်ခု။ လှည်းပေါ်မှခုန်ဆင်းလိုက်သည်။ ဘေးဘယ်ညာကို ထပ်မံကြည့်လိုက်၏။ မည်သူမျှ အနီးအနားတွင်မရှိ။ ဟိုးအဝေးလယ်ကွက်များတွင်သာ တွေ့နေရသည်။ ခြေမျက်စိထိရှိသောနုန်းမြေကို ရုန်းလျှောက်လျက် အပင်ဆီမြန်နိုင်သမျှမြန်အောင် လျှောက်ခဲ့လိုက်သည်။

တွေ့ပါပြီ။ သူ့ကို ဖိတ်ခေါ်နေသည့်အရာတစ်ခု။ စတီးတုတ်ကောက်တစ်ချောင်း။ ရွှံ့ရည်ပေကျံနေသော လူနာအသုံးအဆောင် စတီးတုတ်ချောင်းသည် ညက ရွာပေးသောမိုးရေကြောင့် သန့်ရှင်းသွားပုံရသည်။ မြင့်မောင် စတီးတုတ်ချောင်းကို လက်ဖြင့် သပ်လိုက်သည်။ စတီးဖြစ်သောကြောင့်ရော ဒိုက်များနှင့်ရောထွေးပါလာသောကြောင့်ပါ ကျိုးလိမ်နေခြင်းမရှိ။ ဘာပဲဖြစ်ဖြစ် တစ်နည်းနည်းတော့ အသုံးတည့်မည်မှာသေချာသည်။

ဒိုက်ပုံထဲ အကြည့်ဝေ့လိုက်သည်။ အခြားဘာမျှ ထူးခြားသည်ကိုမတွေ့ရ။ လှည်းဆီပြန်ခဲ့ကာ ရှေ့ဆက်ခဲ့လိုက်သည်။ နေကောင်းစွာထွက်ချိန်တွင် မြစ်ဆိပ်သို့ရောက်လာသည်။ မြစ်ရေက လွှန်ခဲ့သည့် ရက်များကထက် လျော့လာသည်။ သို့သော် ရေစီးကြောင်းအချိန်ကြောင့် မြစ်ကြောင်း ပိုကျယ်လာသည်။ အရှေ့ဘက် ပျဉ်ထောင်ရွာပင်မရှိတော့။ ဒီမတိုင်ခင်ကတည်းက ပျဉ်ထောင်ရွာခံများ တစ်နှစ်နည်းနည်း ဟိုရွှေ့သည်ပြောင်းခဲ့ရသည်။ ယခု ရွာလုံးကျွတ်လေပြီ။

မြစ်ကမ်းဘေး ဦးလှသောင်းတို့ပဲခင်း မရှိတော့ပေ။ ဦးမြင့်ဌေ ပြောင်းခင်းတို့လည်း စုံးစုံးမြုပ်လျက်။ မြစ်ထဲတွင် ယခုထိ သွပ်မိုး၊ အိမ်ထရံ၊ စက်ဘီး၊ ဆိုင်ကယ်ဟုယူဆရသည့် အကျိုးအပျက်များက ဟိုသည်ကွေ့ကောက် ရေစီးခေါ်ဆောင်ရာ မြန်လိုက်နှေးလိုက် ရွေ့လျားနေဆဲ။

"ဟား ဒီဘက်ကပ်လာလိုက်စမ်းပါကွာ။ ဘယ်လောက်မှ မလိုတော့ဘူး"

သောင်ဘက်နီးလာသည့် ဒိုက်သရောအစုအဝေးတစ်ခုကိုမြင်ရသည်မို့ မြင့်မောင် လောဘတက်လာသည်။ လှည်းရပ်လိုက်သည်။ ရွာအနောက်ဘက် သကြားစက်သို့ ရေတင်သည့် ရေစက်ကြီးနားကပ်ခဲ့သည်။ အုတ်တံတိုင်းခြံခတ်ထားသည်မို့ သည်နေရာမှာလည်း အမှိုက်များ၊ ဒိုက်များတင်နေသည်။ အဖိုးတန်ပစ္စည်းသာရှိပါက သာဌေးတို့ညီအစ်ကို ရသွားကြလောက်ပြီဟု မြင့်မောင်တွေးသည်။ မနေ့ညနေက သာဌေးတို့ညီအစ်ကို မြစ်ဆိပ်ဘက်ကနေ ရေမျောပစ္စည်းတချို့နှင့် ငွေသားများရလာကြောင်း သိရသည်။

"ဒါဆို ကျွန်မတို့လဲ မနက်သွားရင် မကောင်းဘူးလား ကိုမြင့်မောင်။ နုန်းတွေလဲ လျော့ပြီပဲ။ သူများမေးရင်တော့ မြက်ရိတ်လို့ ပြောတာပေ့ါ"

"အေး ကောင်းသားပဲဟ။ ဒါပေမဲ့ နင်တော့နေခဲ့ ငါပဲ မြက်ရိတ်သလိုလိုနဲ့ စနည်းနာမယ်။ ဘာပဲရရ အရှုံးမရှိပါဘူး"

"ပိုက်ဆံတွေများ မနည်းဘူးတော်။ သံပုံးထဲ ထည့်ထားတာတဲ့ ၁၀ သိန်းကျော်တယ်။ သာဌေးတို့တော့ပွတာပဲ။ ဘာပဲဖြစ်ဖြစ်စက်ဘီးနဲ့ ဆိုင်ကယ်တွေဆိုလဲ ပြန်ပြင်လို့ရနိုင်တာပဲ"

နှင်းမေ၏အသံက သူ့ကို ပိုအားတက်စေသည်။ ကမ်းပါးထိပ်တစ်လျှောက် ဟိုသည်ဝေ့ဝိုက်ကြည့်သည်။ ဟော ဟိုမှာတွေ့ပါလေပြီ။ ဒိုက်များကို အကာအကွယ်ယူလျက် ရေစီးကြောင်းနှင့်အတူပါလာသည့် သွပ်ချပ်တစ်ချပ်။ ထိုဒိုက်ပုံထဲ အခြားပစ္စည်းများလည်း ပါကောင်းပါနိုင်မည်။ ကံကြမ္မာက သူ့ဘက်ပါပုံရသည်။ ဒိုက်ပုံသည် သောင်နေရာကို ပတ်ပြီး ကမ်းဘက်ကပ်လာသည်။ မြင့်မောင် အားရဝမ်းသာပြေးမည်ပြုစဉ် ရပ်ထားသည့်လှည်းမှ နွားနှစ်ကောင်၏ နှာမှုတ်သံနှင့် ကြောက်လန့်တကြားအပြုအမူကြောင့် သူလှည်းဆီအာရုံရောက်သွားသည်။

"ဖေ့သားကြီးတို့ ဘာဖြစ်တာလဲကွ"

မေးလည်းမေး ပြေးလည်းပြေးစဉ် နွားနှစ်ကောင်၏ရှေ့ ဝါးတစ်ပြန်တွင် အရှည်ခြောက်ပေခန့် မြွေဟောက်ကြီးတစ်ကောင်က ပါးပျဉ်းကြီးထောင်လျက် ရန်သူကိုတွေ့သည့်အလား ရှိနေကြသည်။ မိုးရေကြောင့် အကောင်ရှည်များ ကုန်းပေါ်တက်လာကြခြင်းဖြစ်သည်။ မြင့်မောင် ချက်ချင်းဆိုသလို လှည်းပေါ်အသင့်ပါသည့် ဝါးပိုးနှင့် ဓားကိုယူကာ

စာမျက်နှာ ၂၅ သို့ á

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၂၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၂၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မတ်ပဲဧက ၂၁၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ယခုနှစ် စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၈၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဖီးကြမ်းငှက်ပျောသီးတွေ ရန်ကုန်ဘက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တဲ့ ငှက်ပျောသီးတွေထဲမှာ ဖီးကြမ်းငှက်ပျောသီးကို အများဆုံး တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ငှက်ပျောသီးဈေးကလဲ အဆင်ပြေနေပါတယ်။ ရောင်းတာနဲ့ဝယ်တာ အဆင်ပြေပြေ လည်ပတ်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ဖီးကြမ်းငှက်ပျောသီးများ အရောင်းအဝယ် ကောင်းမွန်နေသည့်အတွက် လုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘဝသံသရာ

\- အူဝဲမှစ ဘဝမည်လာ
လူငယ်လူကြီး ခရီးဆောင်ကာ
ငိုခြင်းရယ်ခြင်း အခင်းစုံစွာ
လည်နေမြဲ နွံ့ဝဲခေါ်ကြတာ။

\- မနေ့ကလည်း ကျန်မြဲကျန်နေ
မနက်ဖြန်များ စောင့်စားရပေ
ယခုအရေး ဇောချွေးထွေထွေ
ဘဝလမ်း ကြိုးပမ်းလျှောက်ကြစေ။

\- သောကမောဟ လောဘစုံလင်
ဒေါသ မာန အတ္တများတွင်
ကြုံသလိုသုံး လူလုံးရယ်ထင်
တဒင်္ဂ ဘဝဇာတ်လမ်းပင်။

\- ချားရဟတ်သို့ လည်လို့နေပြန်
တစ်နေရာပြီး ခရီးတစ်ဖန်
စုံလင်ဘဝ ပြောင်းရသည်မှန်
အဖြေထုတ် ပေါင်းနုတ်လောကခံ။

\- တစ်နေကုန်ပြောင်း တစ်ဆောင်းသစ်ပုံ
တည်မြဲမရှိ ပျက်ဘိဖုံဖုံ
အိုနာသေရေး ရန်ဘေးတွေကြုံ
သန္တေထွန်း တောင်ကျွန်းလူတို့ဘုံ။ ။

**ဇေဒါမောင်(ပညာရေး)**

á စာမျက်နှာ ၂၄ မှအဆက်

မြွေဟောက်ကိုရင်ဆိုင်မည်ပြုစဉ် နွားညီနောင်က သူတို့ကို ကြိမ်တို့သည်အထင်နှင့် မြစ်ကမ်းပါးယံဆီ ဦးတည်ပြေးလေသည်။ ရုတ်တရက်မို့ မြင့်မောင် ဇက်ကြိုးသတ်ချိန်မရ။

"ဟာ သားကြီးတို့ မပြေးနဲ့ ရပ် ရပ်"

မြင့်မောင် လှည်းပေါ်အတင်းခုန်တက်ပြီး ဇက်ကြိုးဆွဲရန် ကြိုးစားသည်။ နွားညီနောင်က ဇက်ဆွဲထားသည့်ကြားမှ ပြေးရန် ကြိုးစားနေဆဲ။ ဇက်ကြိုးတင်းတင်းဆွဲနိုင်လိုက်ချိန်တွင်တော့ လှည်းက တုံ့ခနဲရပ်သွားသည်။ ထိုစဉ်မှာပဲ ခန္ဓာကိုယ်ဘယ်ဘက်ခြမ်းက ယိုင်သလိုဖြစ်သွားသည်။ "ကျွီ"လှည်းဝင်ရိုးသံတအီအီနှင့် လှည်းဘီးက နုန်းမြေနှင့်သောင်ခုံအပေါ် ကျွံလုလုဖြစ်လာသည်။ နွားများက ကဆုန်ပေါက်ရန်ထပ်မံကြိုးစားချိန်တွင် ကမ်းပါးယံက သိသိသာသာကျွံလေတော့သည်။

"ဟ ဟ လုပ်ကြပါအုံးဟ ဘုရား ဘုရား"

ထိတ်လန့်တကြား ဘုရားတမိသည်။

"ဝူး ဝူး ဝမ်းဘဲ ဝမ်းဘဲ"

နွားများက ကြောက်လန့်တကြားအော်ဟစ်သည်။ မြင့်မောင် လှည်းပေါ်က ခုန်ချရန် ကြိုးစားရသည်။

"ကျွီ အီ အီ"

လှည့်ဝင်ရိုးသံတအီအီအဆုံး ဝုန်းခနဲအသံနှင့်အတူ မိနစ်ပိုင်းအတွင်း၌ပင် နွားနှစ်ကောင်နှင့် လှည်းတစ်စီးသည် စုံလိုက်မြစ်ထဲကျလေတော့သည်။ မြင့်မောင် နီးစပ်ရာသောင်ခုံပေါ်သို့ခုန်သော်ငြား ထိုသောင်သည် ဟန်ပြသက်သက်ဖြစ်နေသည်။ ချက်ချင်းဆိုသလို အစိတ်စိတ်အမြွှာမြွှာ ဖြစ်လျက် ရေစီးနှင့်မျောပါသည်။ သူလှည်းဆီရောက်အောင် ကြိုးစားကြည့်သည်။ ထမ်းပိုးတုံးတပ်လျက် နွားနှစ်ကောင်ခမျာ တဝူးဝူး တခူးခူးနှင့် ရုန်းနေရှာသည်။ ရေစီးကြောင်းက ပိုတိုးလာသည်။ အရှိန်လည်း များလာသည်။

မြစ်ထဲ တဝုန်းဝုန်းနှင့် နွားနှစ်ကောင်၏ရုန်းကန်ရာနောက် လှည်းကပါနေသည်။မြင့်မောင်ဘာလုပ်ရမည်မသိ။ မျောနေသည့်ရေစီးကြောင်းအောက်မှာ ဇက်ကြိုးဖြေနိုင်အောင် ကြိုးစားရသည်မှာမလွယ်။ နွားနှင့်လှည်း၊ လှည်းနှင့်လူ နပန်းလုံးနေရသည်နှင့်တူသည်။

လှည်းဘီးက ကြမ်းပြင်တွင်ရှိနေသော်ငြား နွားများက အတင်းရုန်းနေသည်မို့ ရေစီးကြောင်းအရှိန်ကို ပိုအားပေးသလိုဖြစ်နေသည်။

"သားကြီးတို့ ခဏငြိမ်ငြိမ်နေကြပါကွ။ အဖေကြိုးစားကြည့်ပါမယ်"

ဟော့လူ လူပဲကမ်းကိုကူးခဲ့တော့ ပြန်တက်ခဲ့။ ခင်ဗျားပါ ရေစီးနဲ့ ပါတော့မယ်။ ရေက ရှေ့မှာ ပိုကျယ်တယ် သန်လဲသန်တယ်"

ကမ်းပေါ်က လှမ်းအော်သံကြားရသည်။

"ဝူး ခလူး ဖလူး၊ ဝမ်းဘဲ..ဝမ်းဘဲ"

သေဘေးကိုသိနေသည့်အလား နွားညီနောင်ခမျာ အားကိုးရာရှာနေကြ၏။ သခင်ဖြစ်သူပင် သည်အတိုင်းဆိုမလွယ်။ ကမ်းပြိုကျသည့်နေရာနှင့် ဝါးတစ်ပြန်မက ရေစီးနှင့်ပါလာခဲ့ပြီးဖြစ်သည်။ မိနစ်ပိုင်းအတွင်းမှာပင် သူခြေကုန်လက်ပန်းကျနေပြီ။

"ဟော့လူ မြန်မြန်ကူးခဲ့ မီသေးတယ်။ လွှတ်လိုက်တော့ နွားနဲ့လှည်း လွှတ်လိုက်တော့"

သူမျက်ရည်ကျလျက် သူ့သားကြီးနှစ်ကောင်ကို ကြည့်သည်။ ထို့နောက် လှည်းပေါ်မှခုန်ကာ နီးစပ်ရာသောင်ဆီ အမြန်ကူးသည်။ သောင်ကလည်း စိတ်မချရသည်မို့ အမြန်ဆုံးမြေသားကမ်းပါးယံဆီ ဆက်ကူးခဲ့လိုက်သည်။

"လာဗျို့ အပေါ်မြန်မြန်တက် ဒီနားလဲ စိတ်မချရဘူး"

အခြားရွာကဖြစ်ပုံရမည့် ရွာသားနှစ်ဦး မြင့်မောင်ကို လာတွဲကြသည်။

"ခင်ဗျားဗျာ ဒီလောက်မြေသားတွေ စိတ်မချရသေးတာ လှည်းနဲ့ ထွက်လာရတယ်လို့။ ကံကောင်းလို့ အသက်မသေတယ်"

မြင့်မောင်နားထဲတွင် အနီးကပြောနေသည့် အခြားရွာသား၏အသံကိုမကြားဘဲ မြစ်ကြောင်းအတိုင်းမျောပါနေသည့် နွားညီနောင်ဆီမှ ကြောက်လန့်တကြားအော်ဟစ်သံများကိုသာ ကြားနေရသည်။ စောစောက သွပ်ချပ်နှင့်ဒိုက်ပုံသည် သူ့နွားလှည်းရှိရာနှင့် အပြိုင်ဖြစ်လာသည်ကို လှမ်းတွေ့ရသည်။ ရွာသားနှစ်ယောက် သူ့အနားက ထွက်သွားကြသည်။

သူချက်ချင်းထကာ ကမ်းပါးယံအတိုင်းပြေးလိုက်ရန်ကြိုးစားသည်။

"ဟာ ဟော့လူ"

နောက်ကနေလှမ်းအော်သည့်အသံများကို မြင့်မောင်ဂရုမစိုက်အားဘဲ မြစ်ကမ်းပါးယံ မြေအမာလမ်းကြောင်းကိုရွေးပြီး သူ့လှည်းနှင့်နွားနောက်ကို ပြေးလိုက်ရန်ကြိုးစားသည်။ ရှေ့ခပ်လှမ်းလှမ်းကမ်းပါးယံမှ သောင်များပြိုကျသံကိုကြားလိုက်ရသည်။ မြစ်ကြောင်းအလယ်ရောက်နေပြီဖြစ်သည့် သူ့နွားညီနောင်က ခေါင်းလေးပေါ်ရုံသာရှိတော့သည်။ ရုန်းကန်လှုပ်ရှားခြင်းမပြုကြတော့။ လှည်းကတော့ မမြင်ရတော့လေပြီ။ ဆက်ပြေးရန် လမ်းက စိတ်မချရတော့သည်မို့ ရောက်သည့်နေရာတွင် သူဒူးထောက်ထိုင်ချလိုက်မိသည်။

နွားနှစ်ကောင်ဘေးမျောပါနေသည့်ဒိုက်ပုံထဲမှ သွပ်ချပ်လေးသည် နေရောင်ကြောင့် လက်ခနဲဖြစ်သွားသည်။ မြင့်မောင်ကို လှမ်း၍သရော်လိုက်သည်နှင့်ပင် တူသေး၏။

အတန်ကြာငေးငိုင်နေမိသည်။ အတော်ကြာမှ သူအိမ်ပြန်ရန် အသိဝင်လာသည်။ သူအိမ်ပြန်ရတော့မည်။ အားယူထလျက် နောက်ကြောင်းပြန်လှည့်ခဲ့စဉ် စောစောက လှည်းရပ်ထားသည့်နေရာတွင် ပြုတ်ကျကျန်နေသည့် စတီးတုတ်ကောက်ကို တွေ့ရသည်။

လှည်းဘီးနင်းမိပုံရသည့် တုတ်ကောက်လေးသည် ထက်ပိုင်းကျိုးနေလေ၏။ မြင့်မောင်ကောက်ယူလိုက်ပြီး ကျစ်ကျစ်ပါအောင်ဆုပ်လျက် "သွားစမ်းကွာ"ဟု ဝမ်းခေါင်းသံပါအောင် ဒေါသတကြီးအော်ဟစ်ကာ မြစ်ဆီပစ်လွှတ်လိုက်သည်။

(၃)

မကြာမီ မွန်းတည့်တော့မည်။ နေအပူကိုမမှုအားဘဲ ရင်တွင်းအပူကို ပိုက်၍ နုန်းမြေလှည်းလမ်းထက် လေးတွဲ့သောခြေလှမ်းများဖြင့် ရွာဆီ ခြေဦးတည်နေသူက မြင့်မောင်။ သူ့မျက်ဝန်းရှေ့ဝယ် အလာတုန်းက လှည်းဘီးရာလေးများက အထင်းသားပင်ရှိနေဆဲ။

ရွာအဝင်လမ်းတွင်တော့ သားဖြစ်သူကို စိုးရိမ်တကြီးစောင့်မျှော်နေရှာသည့် ဦးစိန်ဝင်း။ ရွာထဲတွင် လှည်းတစ်စီးနှင့်အတူ ရွှေအိုးပိုက်လျက်ပြန်လာမည်ဟုယူဆလျက် ခင်ပွန်းသည်ကို လည်တဆန့်ဆန့် မျှော်နေရှာသည့် မနှင်းမေ။

စစ်တောင်းမြစ်ရေပြင်နောက်ကျိုကျိုထက်တွင်တော့ မကြာမီကာလတစ်ခုအတွင်း ပိုင်ရှင်မဲ့ဖြစ်လာတော့မည့် သက်မဲ့နွားတစ်ရှဉ်းနှင့် လှည်းတစ်စီးသည် ဒိုက်ပုံတို့နှင့်အဖော်ပြုရင်း ရေစီးကြောင်း၏ ခေါ်ဆောင်ရာ ဟိုး ဝေးရာ ဝေးရာဆီသို့ မျောပါလျက်...။

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

**လင်းလက်**

လူ့လောကကြီးတွင် မိမိတို့ရှာဖွေစုဆောင်းသော ပစ္စည်းဥစ္စာတို့သည် အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံး၊ ပျက်စီး၊ ပျောက်ကွယ်သွားနိုင်သည်။ စုဆောင်းထားသော အသိပညာ၊ အတတ်ပညာတို့သည်ကား သူတစ်ပါးတို့ ခိုးယူ၍မရနိုင်ပေ။ လူသေသော် ပညာမသေသူ၊ ပညာကြောင့် ဂုဏ်သတင်းသင်းပျံ့သူများစွာ ရှိသည်။ သိပ္ပံပညာရှင်များသည် လူသားအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်တတ်သည့် ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်ထားခြင်းကြောင့် သေလွန်သည့်တိုင် ကမ္ဘာပေါ်တွင် ၎င်းတို့၏ ဂုဏ်သတင်းက သင်းပျံ့နေကြခြင်းဖြစ်သည်။

အသိဉာဏ်ပညာထက်မြက်၍ ဘဝအတွက် ဉာဏခွန်အားများ ဖြည့်တင်းထားနိုင်သူများသည် ဘဝခရီးလမ်းတစ်လျှောက် ကြုံလာရနိုင်သော ဘဝအခက်အခဲများကို လွယ်လင့်တကူ ကျော်ဖြတ်နိုင်ကြသည်။ ပညာဉာဏ်ပြည့်ဝ၍ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိကြသူများသည် ဘဝလမ်းခရီးကို လျှောက်လှမ်းရာတွင် မပင်ပန်းဘဲ မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်ကြသည်။ အတိတ်ကံတို့မကောင်း၍အကြောင်းမလှဖြစ်ကာ ဘဝလမ်းခရီး တိမ်းစောင်းသွားရသည့်အချိန်အခိုက်အတန့်တို့ ရှိခဲ့ပါလျှင်လည်း လွယ်လင့်တကူပြန်ထ၍ ပညာစွမ်းအားဖြင့် အောင်မြင်မှုကို ပြန်လည်ရယူနိုင်ကြသည်။ အောင်မြင်နေသည့်အချိန်တွင် ထိုအောင်မြင်မှုကို အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် ပညာက လမ်းပြပေးမည်ဖြစ်သည်။ အောင်မြင်မှုများကို ယူဆောင်လာနိုင်သည်ကလည်း ပညာပင်ဖြစ်သည်။

**ခေါင်းလောင်းသံလေးချိုကြည်သာ**

ငယ်ရွယ်နုနယ်စဉ်ဘဝတွင် ပညာကို အပတ်တကုတ် လေ့လာလိုက်စား၍ ကြိုးစားရှာဖွေတတ်သူများသည် အသက်အရွယ်ရ၍ လူလားမြောက်လာသည့်အခါ ပညာအစွမ်းဖြင့် ဘဝကိုအံ့မခန်းတိုးတက်အောင် ကြိုးစားတတ်ကြသည်။ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဖ ဆိုသည်နှင့်အညီ ဥမမည် စာမမြောက် အရွယ်မရောက်သေးသည့် အချိန်တွင် ပညာသင်ကြားလိုစိတ်ကို မွေးမြူပေးလိုက်ရမည်က မိဘတို့၏တာဝန်ပင်ဖြစ်သည်။ ဘဝပေး အခြေအနေအရ မည်မျှပင်ခက်ခဲကြမ်းတမ်းသည့် ဘဝကို ရရှိနေစေကာမူ မိမိတို့၏ ရင်သွေးကလေးများကို စာသင်ယူရန် ကျောင်းသို့ပို့ကာ ခေါင်းလောင်းသံကလေးများဖြင့် ပျော်မွေ့ရသည့် ဘဝသို့ ပို့ပေးရန်လိုသည်။ သို့မှသာ မိမိတို့၏ ရင်သွေးကလေးများသည် အနာဂတ်နိုင်ငံတော်အတွက် အားထားရသည့် လူငယ်များဖြစ်လာကြမည်ဖြစ်သည်။

ငယ်စဉ်အခါက အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရခဲ့သူများ သို့မဟုတ် ပညာနှင့်ထိတွေ့မှုနည်းပါးခဲ့သည့် ကလေးသူငယ်များသည် လူလားမြောက်၍ အရွယ်ရောက်လာသည့်အခါတွင် လူမှုပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျမဖြစ်တော့ပေ။ လူမှုပတ်ဝန်းကျင်၏ လိုအပ်ချက်များကိုလည်း ကိုယ်တိုင်မသိသကဲ့သို့ မည်ကဲ့သို့ရှာဖွေရမည်ဆိုသည့် နည်းလမ်းများကိုလည်း မသိနိုင်သဖြင့် ရွေးချယ်မှုမှားသော လုပ်ရပ်များကို လုပ်မိတတ်ကြသည်။ ထို့အတွက် မိမိတို့မွေးဖွားလိုက်သော ရင်သွေးရတနာများသည် လောကအကျိုး သယ်ပိုးသူများမဟုတ်ဘဲ လောကကိုဖျက်ဆီးသူများဖြစ်မှန်းမသိ ဖြစ်သွားတတ်ကြသည်။ ထိုကဲ့သို့ မဖြစ်စေရေးအတွက် ပညာသင်ယူနိုင်ရန် မိဘအုပ်ထိန်းသူများက ဆောင်ရွက်ပေးရမည်ဖြစ်သည်။

**ဆရာတို့၏တာဝန်**

မိဘအုပ်ထိန်းသူတို့က ပညာကိုလိုလား၍ မိမိတို့သားသမီးများကို ဆရာတို့ထံအပ်နှံထား၍ ဘဝအတွက် စာပေများကို သင်ကြားစေသည်။ မိဘများက အပ်နှံပေးလိုက်သော ကလေးများသည် အကျင့်စရိုက်စုံ၊ အရောင်စုံ၊ အတွေးစုံ စသည့်မတူညီမှုပေါင်းစုံဖြင့် စာသင်ခန်းများအတွင်း ရောက်လာကြသည်။ ထိုကလေးများကို ကျောသားရင်သား မခွဲခြားဘဲ အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးရသည်က ဆရာတို့ပင်ဖြစ်သည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာဖြင့် သင်ကြားပြသပေးသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကလည်း ကြီးမားလှသည်။ "ဆရာမပြ နည်းမကျ" ဆိုသည့် စကားနှင့်အညီ မည်မျှပင် ဉာဏ်ပညာထက်မြက်သူဖြစ်စေကာမူ မှန်ကန်တည့်မတ်စွာ နည်းလမ်းပြ ဆုံးမသွန်သင်ပေးသည့် ဆရာရှိမှသာ ဘဝအောင်မြင်မှုကို ရနိုင်သည်။

> ❖ နိုင်ငံတစ်နိုင်ငံတိုးတက်မှုကို အဓိကမောင်းနှင်ပေးသည့်အရာမှာ ပညာပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများ၏ ပညာတတ်ခြင်း၊ မတတ်ခြင်းတို့အပေါ်၌ မူတည်သည်။ နိုင်ငံတော်က ပညာရေးအားပေးချိန်တွင် ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသားလူငယ်များက ပညာရေးကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုသည်။ ❖

မျိုးဆက်သစ်လူငယ်တို့သည် နိုင်ငံ၏ အနာဂတ်ဟုဆိုပါလျှင် ထိုအနာဂတ် မျိုးစေ့ကလေးများကို ရေလောင်းပေါင်းသင်ပြုစုပေးနေသည့် ဆရာများ၏ တာဝန်ကလည်း လွန်စွာအရေးကြီးလှသည်။ ဆရာဖြစ်သူ၏စကားကို မြေဝယ်မကျ နားထောင်မိရာကမှားမှန်းမသိမှားကာ ပညာဉာဏ်ပြည့်ဝသည့် လူငယ်လေးဘဝမှ လက်ညှိုးပေါင်းတစ်ထောင်ကို ဖြတ်ရန်ကြိုးစားနေသည့် လူဆိုးလူမိုက် အင်္ဂုလိမာလဘဝရောက်ခဲ့ရသည်။ နည်းမှန်လမ်းမှန်ပြ၍ ဆုံးမတတ်သည့် မြတ်စွာဘုရားရှင်နှင့် တွေ့သည့်အခါတွင်မှ အကျွတ်တရားရကာ တရားဓမ္မ၏ အရသာကို သိရသူဖြစ်ခဲ့ရသည်။ ကြေးညီနောင်ပုံပြင်တွင်လည်း ရသေ့ရဟန်းတို့၏ ကျောင်းသခ်မ်းအတွင်းသို့ ရောက်သွားရသည့် ကျေးသားက လိမ္မာယဉ်ကျေးသွားရသည်။ ထို့ကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို တိုးတက်သည့်ဘဝရောက်အောင် ပြုစုပျိုးထောင်ပေးရမည့်အချိန်တွင် ဆရာ၊ ဆရာမများ၏ခွန်အားက အခရာကျလှသည်။

**လူငယ်တို့၏ တာဝန်**

အချိန်သည် အကျိုးရှိရှိ အသုံးချသည်ဖြစ်စေ၊ အကျိုးမဲ့စွာ အသုံးချသည်ဖြစ်စေ ကုန်ဆုံးသွားမည်က အမှန်တရားပင်ဖြစ်သည်။ "ယနေ့လူငယ် နောင်ဝယ် လူကြီး" ဆိုသည့် စကားအတိုင်းပင် ယနေ့အချိန်အခါတွင် ပညာသင်ကြားရမည့်အရွယ်ကို ရောက်နေကြသည့် လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန် ပခုံးပြောင်းထမ်းဆောင်ရမည်က အမှန်တရားပင်ဖြစ်သည်။ ရှိရင်းစွဲဖွံ့ဖြိုးမှုထက်ပို၍ သာလွန်သောဖွံ့ဖြိုးမှုကို ရယူခံစားနိုင်ရေးအတွက် နိုင်ငံတော်မှ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနေကြခြင်းဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မှန်ကန်တည့်မတ်စွာ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတော်၏ဆောင်ရွက်ပေးမှုများ အလဟဿမဖြစ်သွားရစေရန် ကျရာနေရာတွင် တာဝန်ကျေပွန်စွာ လေ့လာဆည်းပူးနေကြရမည်က လူငယ်တို့၏ တာဝန်ပင်ဖြစ်သည်။

"ဘယ်သူမပြု မိမိမှု"ဆိုသည့် စကားနှင့်အညီ အချိန်ရှိခိုက် လုံ့လစိုက်၍ ကြိုးစားအားထုတ်မှုကို မလျော့ကြရန်လိုသည်။ မိမိတို့လက်ထက်တွင် ယခုထက်ပိုမိုတိုးတက်မှုကို ရယူခံစားလိုပါက လက်ရှိကြိုးစားမှုထက် အဆပေါင်းများစွာ ပိုကြိုးစားကြရန်လိုသည်။ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခွင့်အလမ်းများကို ရယူလှမ်းကိုင်နိုင်ပြီး စိန်ခေါ်မှုနှင့်အခက်အခဲတိုင်းကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ပညာခွန်အားကို ဖြည့်တင်းထားကြရန်လိုသည်။ နိုင်ငံအနာဂတ်ကို မိမိလက်ထက်တွင် ပိုမိုတိုးတက်စေရေး ကြိုးစားကြရမည်ဖြစ်သည်။ မြန်မာလူငယ်များသည် ဉာဏ်ပညာစွမ်းအား နည်းကြသူများ မဟုတ်ပေ။ မှန်ကန်တည့်မတ်စွာ လမ်းမှန်လျှောက်၍ ကြိုးစားမိရန်သာလိုသည်။ ပညာဉာဏ်နည်းပါး၍ လမ်းမှားသို့မရောက်စေရေး လူငယ်များကိုယ်တိုင်ကလည်း မိမိအတွက်၊ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း စိတ်ဓာတ်ဖြင့် အသိပညာ၊ အတတ်ပညာများကို အပတ်တကုတ် လေ့လာလိုက်စားကြရန်လိုသည်။

**မူဝါဒက တိကျစွာရှိ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရနှင့်ပြည်သူတို့ကြား လက်တွဲညီညီဆောင်ရွက်တတ်သည့် အလေ့အထရှိကြရန်လိုသည်။ နိုင်ငံတော်အစိုးရက နိုင်ငံ့အနာဂတ်အတွက် ပညာရေးကဏ္ဍတွင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားတို့က အင်တိုက်အားတိုက် ပါဝင်လိုက်ပါကြရန်လိုသည်။ မိမိတို့၏ ရင်သွေးငယ်များအတွက် ခေါင်းလောင်းသံလေးများ ချိုကြည်သာစွာဖြင့် လက်ကမ်းခေါ်နေသည့် စာသင်ကျောင်းများ ဖွင့်ချိန်တွင် မိမိတို့၏ ကလေးငယ်များကို ပညာရပ်ဝန်းသို့ ကိုယ်တိုင်တွန်းပို့မိကြရန် လိုသည်။ နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များ ပညာသင်ယူနိုင်ရန် ဆောင်ရွက်ပေးနေသကဲ့သို့ စာသင်ကျောင်းများတွင် ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများကိုလည်း ပံ့ပိုးမှုများဆောင်ရွက်ပေးထားသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄) ရပ်တွင် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဆိုသည့် အချက်တစ်ချက်ပါဝင်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးပုံဖော်၍ အနာဂတ်မျိုးဆက်သစ်များ၏လက်အတွင်းသို့ တိုးတက်သာယာသည့် နိုင်ငံတော်ကိုသာ ထားခဲ့လိုသည့် နိုင်ငံတော်အစိုးရ၏ စေတနာပင်ဖြစ်သည်။ နိုင်ငံတော်တိုးတက်ရေးအတွက် အဘက်ဘက်ကကြိုးစားနေချိန်တွင် အဓိကမဏ္ဍိုင်ဖြစ်သည့် ပညာရေးမဏ္ဍိုင်ခိုင်မြဲအောင် ကြိုးစားနေခြင်းသာဖြစ်သည်။ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးထားခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ဖွံ့ဖြိုးအောင်တည်ဆောက်လိုသည့် ရည်ရွယ်ချက်ပင်ဖြစ်သည်။ ထိုရည်ရွယ်ချက်ကို ပြည့်စုံစေရေးအတွက် ဘက်စုံထောင့်စုံကြိုးပမ်းအကောင်အထည်ဖော်နေချိန်တွင် မိမိတို့ မျိုးဆက်သစ်လူငယ်များကလည်း ကြိုးစားကြရန် လိုသည်။

**တာဝန်ကျေပွန်စွာ**

မိဘအုပ်ထိန်းသူတို့က သားသမီးကို ပညာသင်ယူရန် ကျောင်းသို့ပို့၍ ကျောင်းမှဆရာတို့ကလည်း ပညာရပ်များကို ဆရာစားမချန် သင်ပေးနေသည့်အခိုက် အစိုးရဘက်ကလည်း လိုအပ်သည်များ ပံ့ပိုးနေချိန်တွင် ပညာကို ကြိုးစားသင်ယူသွားကြရမည်မှာ မျိုးဆက်သစ်တို့၏ တာဝန်ပင်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် ကိုယ်တိုင်အသိပညာ၊ အတတ်ပညာများကို လေ့လာဆည်းပူးတတ်မြောက်ထားမည်ဆိုပါက မိမိတို့ဘဝလမ်းကို မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ နိုင်ငံ့သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့်နိုင်ငံသူ၊ နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးနိုင်သူဖြစ်လာမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်ကို အရုပ်ဆိုး အကျည်းတန်စေမည့် လုပ်ရပ်များကိုလည်း ရှောင်ရှားနိုင်သူများ ဖြစ်လာမည်ဖြစ်သည်။ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ချိန်တွင် လွယ်လင့်တကူ လက်လွှဲရယူနိုင်သော အရည်အချင်းရှိသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာမည်ဖြစ်သည်။ အခြေခံပညာရေး၊ အဆင့်မြင့် ပညာရေး ဘက်ပေါင်းစုံက ပြင်ဆင်ပေးထားသကဲ့သို့ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကိုပါ လေ့ကျင့်သင်ကြားပေးနေသည့်အချိန်တွင် လူငယ်များက အချိန်ရှိခိုက်လုံ့လစိုက်ကြရန်လိုသည်။

နိုင်ငံတစ်နိုင်ငံတိုးတက်မှုကို အဓိကမောင်းနှင်ပေးသည့်အရာမှာ ပညာပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများ၏ ပညာတတ်ခြင်း၊ မတတ်ခြင်းတို့အပေါ်၌ မူတည်သည်။ နိုင်ငံတော်က ပညာရေးအားပေးချိန်တွင် ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ကျောင်းသားလူငယ်များက ပညာရေးကိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုသည်။ ပညာတိုးပွား၍ မျိုးဆက်သစ်လူငယ်များ၏ နှလုံးသားများတွင် ပညာဉာဏ်အလင်းတံခါး ပွင့်သွားမည်ဆိုပါက နိုင်ငံ၏အနာဂတ်သည်လည်း ယခုထက်ပို၍ ထွန်းလင်းသွားမည်ဖြစ်သည်။ သို့ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးရန် ပညာရေးကို ဝိုင်းဝန်းအားပေးကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- နေ့စဉ်ထုတ်သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဗုဒ္ဓ ဓမ္မ သံဃ
35 CORNER မျက်မှန်ဆိုင်
ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလုတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။
"ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။"
ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ရာတွင်ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-၁)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။
- မဲရလဒ်စာရင်းများ ဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

"လွတ်လပ်မျှတ၊ မဲပေးကြ"

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မင်းကင်း အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပြောင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၆၃၁ ဧကနှင့်ဖူးစားပြောင်း ၂၅၈၃ ဧက စုစုပေါင်း ၃၂၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောပြောင်းစိုက်ခင်းများကို ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ၅၆ ဒသမ ၈၂ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင်ပြောင်းဖူးရေ ၁၉၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း စုစုပေါင်း ၃၂၁၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်းတစ်ဧကလျှင် ၅၆ တင်းကျော်ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၉၀၀၀ ကျော်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ခနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ အောက်တိုဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ခနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်သည် ခနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိရာ ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ခနိချပ်ရေ ၆၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ခနိချပ်ရေ ၈၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ခနိချပ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က တင်ပို့ရောင်းချခဲ့တဲ့ ခနိချပ်တွေက ရောင်းပန်းလှသလို အရည်အသွေးလဲ ကောင်းပါတယ်။ စက်တင်ဘာလထဲမှာ ရန်ကုန်ဈေးကွက်က ခနိချပ်ဝယ်ယူအားကောင်းခဲ့ပါတယ်။ အခုအောက်တိုဘာလထဲမှာလဲ ဝယ်ယူတာများနေပါတယ်။ အခုလို ဝယ်ယူအားကောင်းတဲ့အတွက် ဒေသခံခနိစိုက်ပျိုးရေး လုပ်ငန်းရှင်တွေနဲ့ ခနိထိုးလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ခနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက လုပ်ကိုင်ကြကြောင်း၊ အဆိုပါခနိချပ် အတို၊ အရှည်ပေါ်မူတည်ပြီး ခနိချပ် ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ခနိချပ်များ ဝယ်ယူအားကောင်းလာခြင်းကြောင့် ခနိစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ခနိထိုးလုပ်သားများ၊ ခနိပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်နှံ့လွတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့ သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်အေးချမ်းရေးကိုမတ်စွာသုံးသပ်လျက် ဒိုင်တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက် တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာ့ဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ် စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# စနေနေ့ညရဲ့ အမှတ်ပေးပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ မန်စီးတီး၊ နာပိုလီ၊ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်မှာ ဥရောပအမှတ်ပေးပွဲစဉ်အားလုံး ပြန်လည်စတင်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်များလဲ ပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေကို တိုက်ကြီးများအလိုက် ကျင်းပခဲ့ပြီး ပြိုင်ပွဲအလိုက်လဲ ခြေစစ်ပွဲအောင်မြင်တဲ့အသင်းတွေ ထွက်ပေါ်လာခဲ့ပြီးဖြစ်သလို နောက်တစ်ဆင့်တက်ရောက်ဖို့ ပြန်လည်ရုန်းကန်လာရမဲ့ အသင်းတွေအနေနဲ့လဲ လာမဲ့ နိုဝင်ဘာလထဲမှာ ပြန်လည်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ကမ္ဘာ့ဖလားအိမ်ရှင်အသင်းတွေဖြစ်တဲ့ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါတို့နဲ့အတူ တောင်အမေရိကန်ဇုန်က အာဂျင်တီးနား၊ ဘရာဇီး၊ အီကွေဒေါ၊ ကိုလံဘီယာ၊ ဥရုဂွေးနဲ့ ပါရာဂွေး၊ အာရှဇုန်အသင်းတွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ ဆော်ဒီ၊ ကာတာ၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်နဲ့ ဩစတြေးလျ၊ အာဖရိကဇုန်အသင်းတွေဖြစ်တဲ့ မော်ရိုကို၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကိပ်ဗာဒီ၊ အိုင်ဗရီကို့စ်၊ တောင်အာဖရိက၊ အီဂျစ်နဲ့ ဂါနာ၊ ဥရောပဇုန်က အင်္ဂလန်အသင်းနဲ့ သမုဒ္ဒရာပိုင်းဇုန်က နယူးဇီလန်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ကြပြီဖြစ်တာကြောင့် လက်ရွေးစင်အသင်းကစားသမားတွေအနေနဲ့လဲ သက်ဆိုင်ရာကလပ်အသင်းများနဲ့အတူ ဖိအားကင်းစွာ ပြန်လည်ပါဝင်ကစားလာကြမှာဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီတစ်ပတ်စနေနေ့ညရဲ့ပွဲစဉ်တွေထဲက မန်စီးတီး၊ နာပိုလီ၊ ဘာစီလိုနာအသင်းတို့ကို ရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

### မန်စီးတီးအသင်းပဲ နိုင်ပွဲဆက်သွားမှာပါ

မန်စီးတီးနဲ့အဲဗာတန်အသင်းတို့ဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၈)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်(၇)မှာ နိုင်ပွဲအသီးသီးရရှိထားကြပါတယ်။ မန်စီးတီးအသင်းက ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘရန့်ဖို့ဒ်အသင်းကို တစ်ဂိုး ဂိုးမရှိ အဲဗာတန်အသင်းက လက်ရှိဘောလုံးရာသီမှာ ရှုံးပွဲမရှိစံချိန်နဲ့ ရှေ့ဆက်နေတဲ့ ပဲလေ့စ်အသင်းကို နှစ်ဂိုး တစ်ဂိုးတို့ဖြင့် အနိုင်ရရှိထားကြတာပါ။ မန်စီးတီးအသင်းအနေနဲ့လဲ ရာသီအစပိုင်းမှာ ဘရိုက်တန်နဲ့စပါးအသင်းတို့ကို ရှုံးနိမ့်ခဲ့ပြီး နောက်ပိုင်း နောက်ဆုံးခုနစ်ပွဲဆက် ရှုံးပွဲမရှိကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ နည်းပြဂွါဒီယိုလာရဲ့ ပုံမှန်နည်းစနစ်ပြောင်းလဲမှုနဲ့အတူ ကစားသမားတွေရဲ့ခြေစွမ်းပိုင်းတွေ အခက်တွေ့ခဲ့ရပေမဲ့လဲ နောက်ပိုင်းပွဲစဉ်တွေမှာ စုဖွဲ့မှုနဲ့စွမ်းဆောင်ရည်ပြန်လည်ကောင်းမွန်လာခဲ့တာပဲဖြစ်ပါတယ်။ တိုက်စစ်မှူးဟာလန်းက ဒီရာသီပရီးမီးယားလိဂ်မှာ ဂိုးသွင်းအများဆုံးဖြစ်နေသလို ဒီဘရိုင်းထွက်ခွာသွားခဲ့ပေမဲ့ ကွင်းလယ်ပိုင်းချိတ်ဆက်မှုအနေအထားကလဲ အကောင်းဆုံးဖြစ်နေတာကြောင့် နာပိုလီ၊ မန်ယူ၊ အာဆင်နယ်နဲ့ မိုနာကိုတို့လို ထိပ်သီးအသင်းတွေကို ရှုံးနိမ့်မှုမရှိအောင် ကစားထားနိုင်ခဲ့ပါတယ်။

အဲဗာတန်အသင်းကတော့ နောက်ဆုံးပရီးမီးယားလိဂ်ပွဲစဉ်မှာ ပြိုင်ပွဲစုံ ၁၁ ပွဲဆက် ရှုံးပွဲမရှိဘဲ အကောင်းဆုံးခြေစွမ်းပိုင်းတွေနဲ့ စွမ်းဆောင်ထားနိုင်တဲ့ ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့ပြီး အိမ်ကွင်းနှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့ပါတယ်။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်ခုနစ်ပွဲကစားအပြီးမှာ သုံးပွဲနိုင် နှစ်ပွဲသရေနဲ့ နှစ်ပွဲရှုံး ရလဒ်ကို ရရှိထားပါတယ်။ အသင်းရဲ့ကစားသမားဟောင်း ဂရီးလစ်ရှ် ပြန်လည်ရောက်ရှိလာမှုနဲ့အတူ ကစားသမားစုဖွဲ့မှုလဲ အကောင်းဆုံးပိုင်ဆိုင်ထားတာကြောင့် အခုလို အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းပွဲစဉ်နှစ်ပွဲမှာ လီဗာပူးလ်အသင်းနဲ့ ဝုဗ်အသင်းတို့ကို ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိအဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရသေးပါဘူး။ အဲဒီထဲကမှ ပရီးမီးယားလိဂ်အမှတ်ပေးဇယားအောက်ဆုံးက ခြေစွမ်းပိုင်းဆိုးရွားနေတဲ့ ဝုဗ်လိုအသင်းကို ခါရာဘောင်းဖလားတတိယအဆင့်ပြိုင်ပွဲမှာ နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကတော့ သူတို့အသင်းရဲ့ခံစစ်ပိုင်းလိုအပ်ချက်ကို စောင့်ကြည့်ချင်စရာဖြစ်ခဲ့ပါတယ်။

ဒီနှစ်သင်းရဲ့ ၂၀၁၇ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွေ့ဆုံမှုတိုင်းမှာတော့ မန်စီးတီးအသင်းက အသာစီးရယူကစားထားနိုင်ခဲ့ပြီး အဲဗာတန်အသင်းအနေနဲ့ကတော့ နိုင်ပွဲရယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒ့ါပြင် သူတို့အသင်းအနေနဲ့ခြေစွမ်းပိုင်းထက်မြက်နေတဲ့မန်စီးတီးလိုအသင်းရဲ့အိမ်ကွင်းမှာ ရုန်းကန်ကစားအုံးမှာဖြစ်တာကြောင့် မန်စီးတီးအသင်းပဲ နိုင်ပွဲဆက်သွားမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၁ | - | ၁ | မန်စီးတီး |
| ဟတ်ဒါဖီးလ် | ၀ | - | ၂ | မန်စီးတီး |
| မန်စီးတီး | ၅ | - | ၁ | ဘန်လေ |
| မိုနာကို | ၂ | - | ၂ | မန်စီးတီး |
| ဘရန့်ဖို့ဒ် | ၀ | - | ၁ | မန်စီးတီး |

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၁ | အေဗီလာ |
| လီဗာပူးလ် | ၂ | - | ၁ | အဲဗာတန် |
| ဝုဗ် | ၂ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| အဲဗာတန် | ၂ | - | ၁ | ပဲလေ့စ် |

### နာပိုလီအသင်းပဲ ရလဒ်ကောင်းမှာပါ

တိုရီနိုအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ပေမဲ့ လက်ရှိဘောလုံးရာသီမှာတော့ သူတို့အသင်းအနေနဲ့ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေနှစ်ပွဲဆက်မှာ တစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ရရှိခဲ့ပြီး အဲဒီနှစ်ပွဲမှာ လေးဂိုးထိပေးထားရတာကြောင့် လက်ရှိခံစစ်ပိုင်းက ဆိုးရွားနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းရဲ့နည်းပြ မာကိုဘာရိုနီအနေနဲ့ကလဲ အသင်းရဲ့ခံစစ်ပိုင်းကို ပြန်လည်ပြင်ဆင်နိုင်ခြင်းမရှိခဲ့တာကြောင့် အခုလို ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေတာကို တွေ့ရတာပါ။ ဒ့ါပြင် တိုရီနိုအသင်းအနေနဲ့ နာပိုလီအသင်းကို တွေ့ဆုံယှဉ်ပြိုင်ကစားထားတဲ့ နောက်ဆုံး ၁၀ ပွဲမှာ တစ်ပွဲသာအနိုင်ရထားပြီး ပွဲစဉ်တိုင်းလိုလို အိမ်ကွင်း၊ အဝေးကွင်းမရွေး ရုန်းကန်ကစားရတဲ့အစဉ်အလာလဲ ရှိနေတာကြောင့် အခုပွဲစဉ်မှာလဲ ရလဒ်ကောင်းဖို့ထက် ခံစစ်ပိုင်းက ဂိုးမပေးရဖို့ ကြိုးစားကစားရနိုင်ပါတယ်။

နာပိုလီအသင်းဟာ အီတလီစီးရီးအေပွဲစဉ်(၇)အဖြစ် တိုရီနိုအသင်းကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ စီးရီးအေပွဲစဉ်ခြောက်ပွဲယှဉ်ပြိုင်ကစားခဲ့အပြီးမှာ ငါးပွဲနိုင် တစ်ပွဲရှုံးရလဒ်၊ ရမှတ် ၁၅ မှတ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ နာပိုလီအသင်းအနေနဲ့ နောက်ဆုံးကစားခဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၂)မှာ ပေါ်တူဂီကလပ် စပို့တင်းအသင်းကို အိမ်ကွင်းမှာနှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့သလို ဂျီနိုအာအသင်းနဲ့ စီးရီးအေပွဲစဉ်မှာလဲ နှစ်ဂိုး တစ်ဂိုးနဲ့အနိုင်ရရှိခဲ့တာကြောင့် သူတို့အသင်းအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ တိုက်စစ်ပိုင်းက ထက်မြက်နေပေမဲ့ ခံစစ်ပိုင်းကလဲ ဂိုးတွေပေးနေရတာကို တွေ့ရပါတယ်။ ဒ့ါကြောင့် နာပိုလီအသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲဆက်မှာခံစစ်ပိုင်းက ဂိုးတွေခွင့်ပြုပေးနေခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ ဒီရာသီမှာ မန်စီးတီးအသင်းကစားသမားဟောင်း ဒီဘရိုင်းနဲ့ မန်ယူကစားသမားဟောင်းတွေဖြစ်တဲ့ ဟွိုက်လန်း၊ တိုမီနေးတို့လို ခြေစွမ်းပိုင်းထက်မြက်နေတဲ့ကစားသမားတွေကြောင့် အခုပွဲစဉ်မှာလဲ အဝေးကွင်းဖြစ်ပေမဲ့ တိုရီနိုအသင်းကို ဖိအားပေးကစားလာမှာပါ။ ဒ့ါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ကစားသမားစုဖွဲ့မှုပုံစံကောင်းရနေတဲ့ နာပိုလီအသင်းပဲ ရလဒ်ကောင်းမှာပါ။

### တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၀ | - | ၁ | တိုရီနို |
| တိုရီနို | ၀ | - | ၃ | အတ္တလန်တာ |
| တိုရီနို | ၁ | - | ၀ | ပီဆာ |
| ပါးမား | ၂ | - | ၁ | တိုရီနို |
| လာဇီယို | ၃ | - | ၃ | တိုရီနို |

### နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၂ | - | ၀ | နာပိုလီ |
| နာပိုလီ | ၃ | - | ၂ | ပီဆာ |
| အေစီမီလန် | ၂ | - | ၁ | နာပိုလီ |
| နာပိုလီ | ၂ | - | ၁ | စပို့တင်း |
| နာပိုလီ | ၂ | - | ၁ | ဂျီနိုအာ |

### ဘာစီလိုနာအသင်း နိုင်ပွဲပြန်လည်ရယူလာမှာပါ

ပြိုင်ပွဲစုံနောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ရတဲ့ဘာစီလိုနာအသင်းအနေနဲ့ အခုပွဲစဉ်ဟာ စပိန်လာလီဂါပွဲစဉ်(၉)အဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပွဲစဉ်ရှစ်ပွဲယှဉ်ပြိုင်ကစားထားပြီး ခြောက်ပွဲနိုင် တစ်ပွဲသရေ တစ်ပွဲရှုံးရလဒ်ရရှိထားပြီး အမှတ်ပေးဇယားအဆင့်(၁)နေရာက ရီးရဲလ်မက်ဒရစ်အသင်းနဲ့ နှစ်မှတ်သာကွာဟနေပါတယ်။ ဒ့ါပြင် ဘာစီလိုနာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ဆီဗီလာအသင်းကို လေးဂိုးပြတ်နဲ့ အံ့သြဖွယ်ရာရှုံးနိမ့်ခဲ့တာဖြစ်လို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင် အဘက်ဘက်က ဖိအားပေးကစားလာပါလိမ့်မယ်။ ဒ့ါပြင် သူတို့အသင်းမှာ လက်ရှိဒဏ်ရာရကစားသမားတွေအဖြစ် ဖာရန်တောရက်စ်၊ လီဝမ်ဒေါစကီး၊ ရာဖင်ဟာတို့ ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာပေမဲ့ လက်ရှိကစားသမားစုဖွဲ့မှုအနေနဲ့ ဂီရိုနာအသင်းကိုတော့ အနိုင်ရယူကစားနိုင်စွမ်းရှိပါတယ်။

ဂီရိုနာအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရသလို လက်ရှိဘောလုံးရာသီမှာလဲ စွမ်းဆောင်ရည်ပိုင်းဆိုးရွားနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ စပိန်လာလီဂါပွဲစဉ်ရှစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ တစ်ပွဲသာအနိုင်ရထားပြီး သုံးပွဲသရေ လေးပွဲရှုံးနိမ့်ထားတာကိုတွေ့ရပါတယ်။ ဒ့ါပြင် ဂီရိုနာအသင်းအနေနဲ့ နောက်ဆုံးပွဲစဉ်တွေမှာ လီဗန်တေး၊ ဗယ်လက်ကာနိုတို့လိုအသင်းတွေကိုတောင် ဖိအားပေးမကစားနိုင်တော့ဘဲ ဗယ်လက်ကာနိုအသင်းကို သုံးဂိုး တစ်ဂိုး၊ လီဗန်တေးအသင်းကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိခံစစ်ပိုင်းက အဆိုးရွားဆုံးအနေအထားလို့တောင် ပြောလို့ရနေပါတယ်။ ဒ့ါကြောင့် လက်ရှိခံစစ်ပိုင်းအနေနဲ့ စပိန်လာလီဂါမှာရှစ်ပွဲကစားအပြီး ပေးဂိုး ၁၇ ဂိုးနဲ့ ခံစစ်ပိုင်းပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာပဲဖြစ်ပါတယ်။ ဒ့ါကြောင့် အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှု အဘက်ဘက်က အသာရနေတဲ့ ဘာစီလိုနာအသင်း နိုင်ပွဲပြန်လည်ရယူလာမှာပါ။

### ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၃ | - | ၀ | ဂီတာဖေး |
| အိုဗီဒို | ၁ | - | ၃ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၂ | - | ၁ | ဆိုစီဒက် |
| ဘာစီလိုနာ | ၁ | - | ၂ | ပီအက်စ်ဂျီ |
| ဆီဗီလာ | ၄ | - | ၁ | ဘာစီလိုနာ |

### ဂီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၁ | ဂီရိုနာ |
| ဂီရိုနာ | ၀ | - | ၄ | လီဗန်တေး |
| ဘီလ်ဘာအို | ၁ | - | ၁ | ဂီရိုနာ |
| ဂီရိုနာ | ၀ | - | ၀ | အက်စ်ပန်ညို |
| ဂီရိုနာ | ၂ | - | ၁ | ဗလင်စီယာ |

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ (မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့်စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀) ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## Supervisor (ပညာရေးနှင့်စီမံခန့်ခွဲရေး) ဝန်ထမ်းအလိုရှိသည်

ကျား/မ -၁ဦး

- B.EDဘွဲ့ရရှိပြီးကျောင်းလုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။
- အသက်(၃၀)နှင့်(၅၀)အတွင်းရှိရမည်။(အတွေ့အကြုံပေါ်မူတည်၍ ညှိနှိုင်းပေးပါမည်။
- ကျောင်းသား၊ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ဆရာမများနှင့် စိတ်ရှည်ကောင်းမွန်စွာ ဆက်ဆံပြီး ကျောင်း၏ လိုအပ်ချက်များကို ဦးဆောင်ဖြေရှင်းနိုင်သူ ဖြစ်ရမည်။
- ကျောင်းတစ်ကျောင်းလုံး၏လုပ်ငန်းတာဝန်များကို ဦးဆောင်နိုင်သူ ဖြစ်ရမည်။
- နေ့စဉ်ပညာရေးလုပ်ငန်းများ၊သင်တန်းများ၊ကျောင်းတိုးတက်အောင်မြင်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ပညာရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူဖြစ်ရမည်။
- မျှော်မှန်းလစာနှင့်တကွ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

- ဆက်သွယ်ရန် - 116, 67x68 ကြား၊ ပြည်ကြီးတံခွန်မြို့နယ် UEA (စံချိန်ကိုယ်ပိုင်အထက်တန်းကျောင်း)
  ဖုန်းနံပါတ် - 09 781347590

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/က)၊ အကွက်အမည် **မိုးဇာကွင်း**၊ ဦးပိုင်အမှတ်(၁၄၀/၃)၊ ဧရိယာ(၀.၀၂၁)ကေနှင့် ဦးပိုင်အမှတ်(၁၄၀/၄)၊ ဧရိယာ(၀.၀၂၁)ကေ၊ စုစုပေါင်းဧရိယာ(၀.၀၄၂)ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်–

(က) အရှေ့လားသော် – ဦးပိုင်အမှတ်–၁၄၁/က၊ ၁၄၁/ခ
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်–၁၄၀/၂
(ဂ) တောင်လားသော် – လမ်း
(ဃ) မြောက်လားသော် – လမ်းကြား

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးညီညီထွေး၊ ဒေါ်သီတာထွေး**တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

**အဖိုးတန်**
**ရေချိုကို**
**ချွေတာပါ**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပန်းမြေကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော (အဘ) ဦးမျိုးမင်းနိုင် (အမိ) ဒေါ်ပြည့်ဖြိုးဦးတို့၏ သမီး မမေမြတ်နိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၁၀-၂၀၁၃ ဖြစ်သည်မှာ မှန်ကန်ပါသည်။
မမေမြတ်နိုး (၃၁-၁၀-၂၀၁၃)

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့ အမှတ်(၂)ရပ်ကွက်နေ စီးမေ (ဘ) ဦးရန်ဖီး (၁၃/နခန(နိုင်)၀၀၀၁၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09446030775

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ် ပဲကြီးခင်းရွာနေ မောင်မင်းမင်းစိုး (ဘ) ဦးလှမြင့် (၉/နထက(နိုင်)၁၉၂၃၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09444598476

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့် ရော်ဘာတို့မှ ထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်. . .

❖ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ခြင်းဖြစ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြား

စာမျက်နှာ - ၁၆

# TNLA အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များကို မီးရှို့ထွက်ပြေး



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မီးလောင်နေမှုမှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့ရှိ အကျဉ်းဦးစီးဌာန မီးလောင်နေမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၆**

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် မြို့ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့ကို ဇူလိုင် ၁၆ ရက်တွင်လည်းကောင်း၊ ကျောက်မဲမြို့ကို အောက်တိုဘာ ၁ ရက်တွင်လည်းကောင်း တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများက **စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

## ၂၀၂၆ ခုနှစ် အာရှဖလား ယူ - ၁၇ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ် မြန်မာနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်မှုကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၆ခုနှစ် အာရှဖလား ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနှင့် အင်ဒိုနီးရှားအမျိုးသမီးဘောလုံးအသင်းတို့သည် အောက်တိုဘာ ၁၇ ရက်(**ယနေ့**) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၁၈

“ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ - ၁၉

ကျောက်မဲမြို့ အခြေခံပညာ အထက်တန်းကျောင်း (နောင်ပိန်) ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက် လက်ခံ၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၂၀